# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (9-12-2014) (၈၀၄၉)


## ယခုလည်းကောင်း နောင်လည်းကောင်း

- ပကာသန၊ မပါကြဘဲ
  ဒါနစုစု၊ ကောင်းအောင်ပြုလော့၊
- တစ်ခုဒါန၊ ပါရုံမျှဖြင့်
  သံသရာကြီး၊ လမ်းခရီးကား
  ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး၊
- သီလအကျင့်၊ လုံအောင်ကျင့်လျက်
  အသင့်မေတ္တာ၊ ကရုဏာနှင့်
  သစ္စာခန္တီ၊ စိတ်လည်းရှည်၍
  ကိုယ်စီစိတ်မှု၊ ကောင်းအောင်ပြုမှ
  ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၈

ဗဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ပဉ္စမအကြိမ် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ် လမ်းထောင့်ရှိ သမဝါယမစီးပွားရေး ဗဟိုဌာန ဘီဆောင်ပဉ္စမထပ်ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ပန်းပုပညာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဦးခင်မောင်အေးက ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အကဲဖြတ်ဒိုင်လူကြီးများ၏ ဆုရွေးချယ်မှုအဆင့်ဆင့်ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကောင်းမြန်မာအောင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက မော်ဒန်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ငါးဆု ရရှိကြသူများနှင့် စိတ်ကြိုက်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ရှစ်ဆုရရှိကြသူများအား လည်းကောင်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဦးခင်မောင်အေးက မော်ဒန်ပြိုင်ပွဲ တတိယဆုရ ဦးရောအောင်(ဒါးပိန်) နှင့် စိတ်ကြိုက်ပြိုင်ပွဲ တတိယဆုရ ဦးမျိုးမင်းကျော်(ပဲခူး)တို့အား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက စိတ်ကြိုက်ပြိုင်ပွဲ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ သမဝါယမစီးပွားရေးဗဟိုဌာနအဆောက်အအုံ ပထမထပ်ရှိ သမဝါယမ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရတနာ အနုပညာလက်ရာပစ္စည်းများနှင့် ပြိုင်ပွဲဝင် မြန်မာ့ရိုးရာသစ်သားပန်းပု လက်ရာမွန်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# ဂုဏ်ရည်ပြည့်လျှမ်း ပညာနန်းတွင် မာလာဆောင်နှင့် သီရိဆောင်တို့ ပြန်လည်နိုးထလာကြပြီ



သတင်းဆောင်းပါး-အိရှွေစင်ဝင်း ❖ ဓာတ်ပုံ-ဒွေးအောင်(ကြေးမုံ)

"လဝန်းသော်တာ ကောင်းခြင်းဖြာလွန်းတယ်၊ တိမ်လွှာညွတ်ကင်း ပပဝင်းရယ်လို့ ဆောင်ကြဉ်းဖြတ်သန်း အေးရိပ်လွှမ်းသည်" စီးပွားရေးတက္ကသိုလ် ကျောင်းသူဟောင်း တက္ကသိုလ်လွဲ့လွဲ့က စီးပွားရေးတက္ကသိုလ်ကျောင်းသား ဟောင်း ကဗျာဆရာ ဝင်းဝေနောင်၏ "မာလာရတု" ကို စောင်းပညာရှင်၏ တီးခတ်မှုနှင့်အတူ သီဆိုပေးခဲ့ခြင်းဖြစ်သည်။

"မာလာဟူသည် ဂုဏ်ရည်ပြည့်လျှမ်း ပညာနန်းက မြတ်ပန်းတော်ဝင် ကမ္ပည်းတင်၍ မင်္ဂလာမော်ကွန်း စိုက်ထူညွှန်းသည် စုံမွှန်မွှေးပျံ့ကြိုင်စေသော်"

တိတ်ဆိတ်ခဲ့သည်မှာ ကြာပြီဖြစ်သော မာလာဆောင်၊ စီးပွားရေးတက္ကသိုလ်နှင့်အတူ မွှေးပျံ့ခဲ့သော မာလာဆောင်သမိုင်း ပြန်လည်အသက်ဝင်လာခဲ့ပြီ၊ ပြန်လည်ရှင်သန်လာခဲ့ပြီဖြစ်သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ကာ စီးပွားရေးတက္ကသိုလ်ကျောင်းသူများ မာလာဆောင်တွင် ပြန်လည်နေထိုင်ခွင့် ရပြီဖြစ်သည်။ တက္ကသိုလ်နောက်ခံသီချင်းများတွင် ဂုဏ်သတင်းကျော်ကြား ခဲ့သော "မာလာဆောင်"သီချင်းများ ပြန်လည်ရှင်သန်လာတော့မည်ပင်ဖြစ် သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳


MEC
MARS EDUCATION CONSULTANCY

အမှတ်(၁၆)၊၁-ဘီ၊မြေနုလမ်း၊(မဟာမြိုင်ဆေးရုံအနီး)၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်။
Hotline : 09-250 39 30 30, 09-2560 33 565, 09-5054185

FREE
- Application Fee
- Consultation
- Visa Process

တက္ကသိုလ်ဝင် စာမေးပွဲတွင် Eng, Bio, Chem တစ်ဘာသာလျှင် အနည်းဆုံး (၆၅)မှတ် ရရှိထားသူများအတွက် WHO အပါအဝင် နိုင်ငံတကာရှိ ဆေးပညာအဖွဲ့အစည်းများမှ အသိအမှတ်ပြု ဆရာဝန်ဘွဲ့!!

(တရုတ်ပြည်ရှိ နှစ်ပေါင်းကြာမြင့်စွာ နာမည်ကျော်ကြားပြီးထိပ်တန်းစာရင်းဝင်သော အစိုးရ တက္ကသိုလ်များဖြစ်၍ကျောင်းလခ ကုန်ကျစရိတ်(လွန်စွာ) သက်သာပါသည်။)

MBBS

အသက် (၁၇) နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ (သို့) IGCSE / GCE "O" Level ပြီးထားသူတိုင်းအတွက်

Commercial Pilot License Program

## ကြေးမုံ စာ တည်း ရှု ထောင့် ၉-၁၂-၂၀၁၄၊ အင်္ဂါနေ့

# တစ်ခေတ်ဆန်းမည့် မြို့ပေါ်ကရထား

ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ထော်လီကွေ့-ပုဇွန်တောင်လမ်းပိုင်းတွင် အာဘီအီး လူစီးရထားတွဲဆိုင်းကို ဒီဇင်ဘာလ ၇ ရက်က စတင်ပြေးဆွဲပြီဖြစ်ကြောင်း ကြားသိလိုက်ရပေသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ လက်ရှိလမ်းပိုင်းတွင် ကုန်ရထားသာပြေးဆွဲနေရာမှ ရန်ကုန်မြို့ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် လူစီးရထားများနှင့် အားဖြည့်ပေးလိုက်သဖြင့် ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုပြေးဆွဲသော ရထားလမ်းပိုင်းမှာ ကမ်းနားလမ်းတစ်လျှောက်တွင် ဖြတ်သန်းသွားမည်ဖြစ်၍ ထိုလမ်းတစ်လျှောက်ရှိ မြို့ပြရှုခင်းများ၊ ရန်ကုန်မြစ်အတွင်းသွားလာနေသော ပင်လယ်ကူးသင်္ဘောကြီးများနှင့် မြစ်အတွင်းသွားလာနေသော ရေယာဉ်အမျိုးမျိုးတို့နှင့် သဘာဝရှုခင်းများကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ယင်းသည် နောင်အနာဂတ်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ရထားပြေးဆွဲရန်အတွက် ရှေ့ပြေးအစီအစဉ်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

အမှန်တကယ်တွင် ရန်ကုန်မြို့၌ ရှေးကိုလိုနီခေတ်ကာလက လျှပ်စစ်ရထားဟုခေါ်ဆိုနိုင်သော ဓာတ်ရထားများ ပြေးဆွဲခဲ့ဖူးသည်။ ထိုသို့ပြေးဆွဲခဲ့သော အထောက်အထားများကို ပုဇွန်တောင်နှင့် ထော်လီကွေ့လမ်းတစ်လျှောက်သာမက ရန်ကုန်မြို့နေရာအတော်များများတွင် ထိုရထားပြေးဆွဲခဲ့သော သံလမ်းဟောင်းများကို လမ်းများပေါ်တွင်နစ်မြုပ်လျက်ရှိသည်ကို အချို့နေရာများတွင် တွေ့မြင်နိုင်သေးသည်။

ယင်းအချက်ကို လေ့လာကြည့်မည်ဆိုပါက ရန်ကုန်မြို့တွင် ယာဉ်စီးရေနည်းပါးလွန်းသောကာလ၌ အဆိုပါဓာတ်ရထားများကို တွင်ကျယ်စွာအသုံးပြုနိုင်ခဲ့သည်ကို သမိုင်းအထောက်အထားများအရ သိရှိနားလည်ထားသေးသည်။ ယခု ခရီးသွားနှင့် ယာဉ်စီးရေတိုးပွားလာသော်လည်း ဝန်နှင့်အားမမျှသေးသဖြင့် ယာဉ်ကျပ်တည်းမှုနှင့် ခရီးသွားလာမှုအခက်အခဲကို အဆိုပါအာဘီအီးရထားများ၊ လျှပ်စစ်ရထားများက တစ်ဖက်တစ်လမ်းက ဖြေရှင်းပေးနိုင်မည်မှာ သေချာပါသည်။

ဆက်လက်၍ ထော်လီကွေ့မှ ကြည့်မြင်တိုင်အထိ လမ်းပိုင်းများအားဆက်လက်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသဖြင့် လမ်းပိုင်းများဖွင့်လှစ်ပြီးပါက ပုဇွန်တောင်နှင့် ကြည့်မြင်တိုင်တစ်ဆက်တစ်စပ်တည်းဖြစ်သွားပြီး လက်ရှိပြေးဆွဲနေသော ကားလိုင်းများ၊ မြို့ပတ်ရထားလိုင်းများနှင့်ပါ ချိတ်ဆက်သွားနိုင်သဖြင့် ရန်ကုန်မြို့တွင်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုနှင့် ခရီးသည်များ သွားလာမှုအခက်အခဲများကို ဖြေရှင်းပေးသွားနိုင်မည် ဖြစ်သည်။

ထိုသို့ခရီးသွားများအဆင်ပြေမှုရှိစေရန် နိုင်ငံတော်က အဘက်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိနေချိန်တွင် ခရီးသွားပြည်သူများက နိုင်ငံကြီးသားပီသစွာ စည်းကမ်းရှိရှိစီးနင်းလိုက်ပါဖို့လိုအပ်ပြီး လက်ရှိပြေးဆွဲနေဆဲ အငှားယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးယာဉ်ငယ်များအနေဖြင့် မိမိတို့အတွက် သတ်မှတ်ထားသော လမ်းကြောများအတိုင်း သူ့လမ်းကိုယ့်လမ်း စည်းကမ်းတကျမောင်းနှင်သွားလာဖို့ လိုအပ်မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် မြို့ပတ်ရထားဖြင့် နေ့စဉ်ခရီးသွားနေကြသူများမှာ လူဦးရေတစ်သိန်းနီးပါးရှိပြီး ကျန်လူဦးရေ သိန်းနှင့်ချီသော ခရီးသွားများမှာ ယာဉ်လိုင်းမျိုးစုံဖြင့် နေ့စဉ်သွားလာနေကြသည်။ ယခုမြို့တွင်းရထားတွဲဆိုင်းများဖြင့် အဆိုပါခရီးသွားများအား မျှဝေပို့ဆောင်ပေးလိုက်မည်ဆိုပါက ခရီးသွားများ ချောင်ချိသက်သာသွားမည်ဖြစ်သည်။ အဆိုပါခရီးစဉ်အတွက်လည်း ခရီးသည်များအား သက်သာသောနှုန်းထားများနှင့် ကောင်းမွန်သောတွဲဆိုင်းများဖြင့် ဆောင်ရွက်ထားရာ ခရီးသည်များ၊ ကျောင်းသားကျောင်းသူ၊ ရဟန်းရှင်လူများသာမက နိုင်ငံတကာခရီးသွားဧည့်သည်များပါ အားထားစီးနင်းကြမည်ဖြစ်သည်။

သို့ပါ၍ အချိန်တိုအတွင်း လိုရာခရီးကို သက်သောင့်သက်သာ လျင်မြန်စွာပို့ဆောင်ပေးနိုင်မည့် အာဘီအီးရထားများနှင့် အနာဂတ်လျှပ်စစ်ရထားများဆောင်ရွက်မှုအား ကြေးမုံကကြိုဆိုလိုက်ပါသည်။ ။

# (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဂုဏ်ပြုဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဆူးလေဘုရားလမ်း ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးက ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၁၀၂ ဦးက ဓာတ်ပုံပေါင်း ၅၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ရည်ရွယ်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ သာယာလှပမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဓာတ်ပုံပညာဖြင့် ယှဉ်ပြိုင်ဖန်တီးရိုက်ကူးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့အချိန်အခါသည် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ဓာတ်ပုံပညာကို ပြည်တွင်း၊ ပြည်ပများ၌ သွားရောက်လေ့လာနိုင်ရန်နှင့် နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတကာဆုရရှိကြသည့်သူများကိုလည်း တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ အေးချမ်းသာယာလှပမှုများ၊ သဘာဝအလှအပများနှင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို နိုင်ငံတကာက သိရှိနိုင်အောင် ဓာတ်ပုံပညာဖြင့် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်) ကိုယ်စား တာဝန်ရှိသူတစ်ဦး၊ ဒုတိယဆုရ ကျော်စိုးလင်းနှင့် တတိယဆုရ မောင်နီဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးတို့က အထူးဆုရရှိကြသူများဖြစ်ကြသော မင်းမင်းထွန်း၊ အောင်ရဲနိုင်(အမရပူ)၊ ကိုကိုဆန်နီ(သီဂီရွှေရည်)၊ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ကျော်ဇော်လေးနှင့် အောင်ရဲနိုင်(အမရပူရ)တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ဆုများ ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆုရရှိသူများကိုယ်စား မောင်နီဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**(ဥမ္မာသန့်)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၂၀၀ | - | ၆၆၀၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၂၀၀ | - | ၆၆၀၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၉.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၆.၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၀၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅.၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၅၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၄၄.၁၄ |
| (ဇ) | ကောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁.၅၆၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၅၁.၄၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅.၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မြိတ်၊ ထားဝယ် မှစ၍ စစ်တွေ၊ တောင်ကုတ် အပါအဝင် ပင်လုံအထိပါ မကျန် ၊ တစ်နိုင်ငံလုံးရှိ တက္ကသိုလ် ကောလိပ်များတွင် Tutor ဝင်ခွင့်ကို နှစ်ကျောင်းဖြေ ၊ နှစ်ကျောင်းအောင် ၊ သုံးကျောင်းဖြေ သုံးကျောင်းအောင် ခဲ့ကြသော တပည့်ကျော်များအားလုံး အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ။
ဖြေဆိုသူအားလုံး နီးပါး အောင်ခဲ့ကြသော နိုင်ငံခြားဘာသာတက္ကသိုလ် MA အင်္ဂလိပ်စာ ဝင်ခွင့် ရခဲ့ကြသော တပည့်ကျော်များအားလုံး အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ။
ဦးဟန်သာ အင်္ဂလိပ်စာ 095146452
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း
ပြည်တွင်း ပြည်ပ Scholarship ဆုတွေရရှိဖို့ နဲ့ ပြည်ပတက္ကသိုလ်ကြီးတွေမှာ တက်နိုင်ဖို့
IELTS
IELTS FOUNDATION Sat, Sun 9:00 - 12:00 Jan 3 စမည်
IELTS EXAM CLASS Sat, Sun 1:00 - 4:00 Jan 3 စမည်
တန်းခွဲ ၂ ခု လေ့ကျင့်ခန်းများ မတူပါ ။ တန်းခွဲ တစ်ခုထဲတွင်လည်း လေ့ကျင့်ပြီးသားများ ပြန်မသင်ပါ။
Listening အားနည်းသူများအတွက် Native Speaker သံဖြင့် level ၃ မျိုးဖြင့် အဆင်ဆင့် လေ့ကျင့်ပေးမည် ။ စာမေးပွဲခန်းမထဲကအတိုင်း earphone တစ်လုံးစီဖြင့် အထူးသင်ကြားပေးမည် ။
သင်တန်းကြေး ( Jan 3 to Mar 29 ) 200000/-
3-MONTH LISTENING CLASS ( Thur, Fri 9:00 - 10:30 )
Native Speaker သံ Level 3-မျိုး ( လိုအပ်လျှင် Level 5-မျိုး ) ဖြင့် လေ့ကျင့်ပေးမည် ။
တန်းခွဲတစ်ခုတွင် earphone အလုံး ၂၀ သာရှိမည် ဖြစ်၍ အမြန်အပ်မှနေရာရမည် ။
သုံးလ အတွက် 45000/-
ဆေးတက္ကသိုလ်ဝင်ခွင့်
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ ကျိန်းသေဖြေရတော့မည့် ဆေးတက္ကသိုလ်နှင့် အခြား Institute များ ၊ ဝိဇ္ဇာချွန် သိပ္ပံချွန်ဆုများ ဝင်ခွင့်အတွက် ဝင်ခွင့် အင်္ဂလိပ်စာ ကြိုဖွင့်ပါပြီ ။
Thur, Fri 7:00 - 8:30
စာမေးပွဲ ဖြေသည်အထိ သင်တန်းကြေး 200000/-
TOUR GUIDE
ဝင်ခွင့်သင်တန်းကြီး
ပုံမှန်နှင့် အာမခံတန်းခွဲ လက်ခံပြီ
FOUR SKILLS တန်းခွဲသစ်လက်ခံပြီ

## ပြည်တွင်းရေးရာ



# ပြည်ပနိုင်ငံများ၌ အလုပ်လုပ်နေကြသော မြန်မာအလုပ်သမားများအား အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကူညီစောင့်ရှောက်

**နေပြည်တော် ဒီဇင်ဘာ ၈**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) တို့၏(၁၈/၂၀၁၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ လုပ်ငန်းခွင်အတွင်း သေဆုံးခြင်းစသည့် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားလာပါက သက်ဆိုင်ရာအေဂျင်စီနှင့်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက အလုပ်သမားသံအရာရှိနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အေဂျင်စီများတာဝန်ယူစေလွှတ်ထားသည့် အလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်အထိဖြစ်သမျှကိစ္စအဝဝကို အပြည့်အဝဆောင်ရွက်ပေးရမည့် အလုပ်သဘောအရ တာဝန်ရှိရုံသာမက မိမိနိုင်ငံသားများ ပြည်ပတွင် ဒုက္ခရောက်နေသည်ကို အမျိုးသားရေးစိတ်ဓာတ်နှင့် ကူညီစောင့်ရှောက်ရမှာ ဖြစ်ပါကြောင်း။

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် စာချုပ်ပါ လုပ်ငန်းခွင်အတိုင်း မှန်မှန်ကန်ကန်ရောက်ရှိအလုပ်လုပ်ကိုင်နိုင်ရန်နှင့် စာချုပ်ပါအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးရန် တာဝန်ရှိသလို အလုပ်ရှင်ဘက်မှ မမှန်မကန်ဆောင်ရွက်ခြင်းများ ရှိပါကလည်း ဘက်လိုက်မှုမရှိဘဲ ဌာနသို့ အမှန်အတိုင်း တင်ပြပေးရန်လိုကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားများထုတ်ပေးရေး၊ အလုပ်သမားအသစ်များကို တရားဝင်စေလွှတ်ရေး၊ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းဖြင့် လွှဲပြောင်းပေးပို့နိုင်ရေး၊ တရားမဝင် မြန်မာအလုပ်သမားများကို နိုင်ငံစိစစ်ပေးနိုင်ရေး၊ ထိုင်းနိုင်ငံရေလုပ်ငန်းများတွင် လုပ်ကိုင်နေသော မြန်မာရေလုပ်သားများအရေးကိစ္စနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ပိုမိုရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သွားမှာဖြစ်ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို တတ်နိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်ပေးနေသော နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုပုံရိပ်များကို ပြည်တွင်း ပြည်ပရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံတကာမှ သိရှိစေရန်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နေသူများအား အသိပညာပေးခြင်းဖြင့် ကူညီစောင့်ရှောက်ပေးမှုကို မြှင့်တင်ပေးရန်နှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများနှင့် ယင်းတို့၏ မိသားစုများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန်စသည့် ရည်ရွယ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားကို လာမည့် ဒီဇင်ဘာ ၁၈ ရက်တွင် ပြုလုပ်သွားမှာဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်နေကြသည့် ရည်ရွယ်ချက်တူ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဝိုင်းဝန်းပူးပေါင်းထမ်းဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့က ပြည်ပသို့အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာများကို ဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြည်ပသို့ တရားဝင်အလုပ်သမားများစေလွှတ်ရေးဆိုင်ရာများ၊ ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ အလုပ်သမားရေးရာ ပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်ရေးနည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

☆ **ဒုတိယသမ္မတမှ**

ဒုတိယဆုရ ဦးဟိန်းမင်းအောင်(ဒါးပိန်)အားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က စိတ်ကြိုက်ပြိုင်ပွဲ ဒုတိယဆုရ ဦးအောင်သူဌေး(ဒါးပိန်)အားလည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က မော်ဒန်ပြိုင်ပွဲ ဒုတိယဆုရ ဦးနိုင်ဝင်း(မြောက်ဥက္ကလာပ)အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မော်ဒန်ပြိုင်ပွဲ ပထမဆုရ ဦးမောင်လင်း(ဒါးပိန်)နှင့် စိတ်ကြိုက်ပြိုင်ပွဲ ပထမဆုရ ဦးပြည့်စုံအောင် (ဒါးပိန်)တို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ သမဝါယမစီးပွားရေးဗဟိုဌာန အဆောက်အအုံ ပထမထပ်ရှိ သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရတနာ အနုပညာလက်ရာပစ္စည်းများနှင့် ပြိုင်ပွဲဝင် မြန်မာ့ရိုးရာ သစ်သားပန်းပုလက်ရာမွန်များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲကို မြန်မာ့အနုပညာ သစ်သားပန်းပုထုလုပ်မှုလုပ်ငန်း မြှင့်တင်ရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ပန်းပုထုပညာရှင်များ၏ တစ်ဦးချင်းလက်ရာများကို နိုင်ငံတကာ အဆင့်မီလက်ရာများဖြစ်လာစေရန်၊ သမဝါယမ စီးပွားရေးဗဟိုဌာန အဆောက်အအုံ(ဘီ)ဆောင် ပထမထပ်၌ ဖွင့်လှစ်ထားသည့် သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်မှ မြန်မာ့ရတနာအနုပညာလက်ရာပစ္စည်းများကို ပြည်တွင်းမှ ပြည်သူများနှင့် ပြည်ပမှ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရန်နှင့် သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များမှ ပစ္စည်းများကို ပြည်ပမှ ခရီးသွားဧည့်သည်များအား ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပထမအကြိမ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်၊ တတိယအကြိမ်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်နှင့် စတုတ္ထအကြိမ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တို့တွင် ကျင်းပနိုင်ခဲ့သည်။

ယခု ပဉ္စမအကြိမ် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲတွင် ပန်းပုပညာရှင် ၁၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စိတ်ကြိုက်ပုံစံနှင့် မော်ဒန်ပုံစံပြိုင်ပွဲတို့တွင် ပထမဆုနှစ်မျိုးအတွက် ငွေကျပ် သိန်း ၂၀ စီ၊ ဒုတိယဆုနှစ်မျိုးအတွက် ငွေကျပ် ၁၅ သိန်းစီနှင့် တတိယဆုနှစ်မျိုးအတွက် ငွေကျပ် ၁၀ သိန်းစီအပြင် ငါးမူးသားရွှေဒင်္ဂါးတစ်ပြားစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ နှစ်သိမ့်ဆုများအတွက် ဆုတစ်ဆုလျှင် ငွေကျပ် ငါးသိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပေါင်းလောင်းဒေသ ရွှေ့ပြောင်းကျေးရွာများမှ တောင်သူများအား တိရစ္ဆာန်များဖြန့်ဖြူးပေး

**ပင်လောင်း ဒီဇင်ဘာ ၈**

ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဝင်ငွေရှာဖွေရာတွင် အထောက်အကူဖြစ်စေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ဈေးငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ တိရစ္ဆာန်များဝယ်ယူဖြန့်ဖြူးပေးခြင်းကို ဒီဇင်ဘာ ၄ ရက်က ဖိုကုန်းကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းနှင့် သပြေကုန်းကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရာသို့ ပင်လောင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနီနီဝင်းက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဝင်များ ရှေ့မှောက်တွင် ဈေးငွေကျပ်သိန်း ၃၀၀ ဖြင့် ဝယ်ယူသော ဒေသန္တားငါးကောင်၊ ဒေသကျွဲ ၂၁ ကောင်၊ ဒေသဝက် အကောင် ၃၁၀၊ ဥစားဘဲအကောင် ၄၅၀ နှင့် အသားစားဘဲအကောင် ၅၀ တို့ကို အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် ရွှေ့ပြောင်းခဲ့ရသော ကျေးရွာ ၂၃ ရွာအနက် ၁၃ ရွာမှ တောင်သူ ၁၆၃ ဦးထံသို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း *(IPRD)***



ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီနှင့်အဖွဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိုင်းအဆင့် စံပြကျောင်းရွေးချယ်ရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် အထက(၆)ဗိုလ်တထောင်သို့ ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

# လူထုလမ်းလျှောက်ပွဲ လဟယ်တွင် ကျင်းပ

**လဟယ် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ဒီဇင်ဘာ ၆ ရက် နံနက် ၆ နာရီက ဒီဇင်ဘာ အားကစားလ ပထမပတ် လူထုလမ်းလျှောက်ပွဲ ကျင်းပခဲ့ရာ လဟယ်မြို့ မြို့ပတ်လမ်းအတိုင်း လမ်းလျှောက်ကြပြီး ဘုရားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများစုပေါင်းပြုလုပ်ခဲ့သည်။

အဆိုပါလမ်းလျှောက်ပွဲသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌဦးရှုစံကြူး၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဆားမူ၊ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးတင့်နိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူ၊ ဌာနဆိုင်ရာများနှင့် လဟယ်မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နေပြည်သူများ အင်အား ၅၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




# လုံခြုံရေးမတည်ငြိမ်မှုကြောင့် အီဂျစ်နိုင်ငံရှိ ကနေဒါသံရုံးပိတ်

**ကိုင်ရို ဒီဇင်ဘာ ၈**

လုံခြုံရေးအခြေအနေမတည်ငြိမ်မှုကြောင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ကနေဒါသံရုံးကို ဒီဇင်ဘာ ၈ ရက်တွင် ပိတ်ထားလိုက်ပြီဖြစ်ကြောင်း သံရုံးအရာရှိတစ်ဦးက ပြောကြားသည်။ ယင်းသို့ သံရုံးပိတ်မှုမှာ အီဂျစ်နိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဒုတိယမြောက် ပိတ်သိမ်းမှုဖြစ်သည်။

လုံခြုံရေးအခြေအနေကြောင့် သံရုံးပိတ်ထားသည့်ကာလအတွင်း သံတမန်ရေးရာဆောင်ရွက်မှုလုပ်ငန်းများမှာ အကန့်အသတ်ဖြင့်သာ ရှိနေနိုင်မည်ဖြစ်ကြောင်း အဆိုပါသံရုံး၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။ အသေးစိတ်ကိုမူ ရေးသားဖော်ပြထားခြင်းမရှိပေ။

ကိုင်ရိုမြို့ရှိ ဗြိတိသျှသံရုံးသည်လည်း လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ဒီဇင်ဘာ ၇ ရက်တွင် ပိတ်ထားခဲ့သည်။ ဗြိတိသျှသံရုံးဝက်ဘ်ဆိုက်တွင်လည်း ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

အီဂျစ်နိုင်ငံသည် အစ္စရေးနိုင်ငံ၊ ဂါဇာဒေသ၊ ဆူးအက်တူးမြောင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မဟာဗျူဟာဒေသ ဆိုင်းနိုင်းကျွန်းဆွယ်တစ်ဝိုက်တွင် အစ္စလာမ့်စစ်သွေးကြွများကို နှိမ်နင်းတိုက်ခိုက်နေရသည်။

စစ်သွေးကြွများက အီဂျစ်ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များကို အဓိကပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့်နှစ်အတွင်း အီဂျစ်ရဲဘက်နှင့် စစ်ဘက်တပ်ဖွဲ့ဝင် ရာပေါင်းများစွာ သေဆုံးခဲ့ရသည်။ အီဂျစ်နိုင်ငံ၏ အန္တရာယ်အရှိဆုံးစစ်သွေးကြွအဖွဲ့က ဩဂုတ်လအတွင်း အနောက်သဲကန္တာရတွင် အမေရိကန်ရေနံလုပ်ငန်းမှ အင်ဂျင်နီယာကို သတ်ဖြတ်သူမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်က ပြောကြားသည်။

ကိုင်ရိုမြို့နှင့် နိုင်းမြစ်ဝှမ်းဒေသတွင် အသေးစားဗုံးပေါက်ကွဲမှုများမှာ မကြာခဏဆိုသလိုဖြစ်ပွားနေသော်လည်း အမေရိကန်သံရုံးမှာ ပုံမှန်အတိုင်းဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် သံရုံးဝန်ထမ်းများအား ခရီးဝေးမသွားရန် ဒီဇင်ဘာ ၄ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။ **ရိုက်တာ။**



# မုန်တိုင်းဟာဂူပစ် မနီလာသို့ ဦးတည်၊ တိုင်ဖွန်းအဆင့်မှလျှော့ကျ

**မနီလာ ဒီဇင်ဘာ ၈**

အပူပိုင်းမုန်တိုင်း ဟာဂူပစ်သည် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာသို့ဦးတည်၍ ရွေ့လျားလျက်ရှိကြောင်း၊ သို့သော် တိုင်ဖွန်းအဆင့်မှ လျှော့ကျသွားပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မုန်တိုင်းသည် နိုင်ငံအရှေ့ပိုင်း ဆာမားကျွန်းကို အပြင်းထန်ဆုံး တိုက်ခတ်ခဲ့သည့်အတွက် အနည်းဆုံး လူ ၂၁ ဦး သေဆုံးခဲ့သည်ဟု ကြက်ခြေနီတပ်ဖွဲ့က ပြောသည်။ သို့သော် အပျက်အစီးများမှာ မျှော်လင့်ထားသည်ထက် လျော့နည်းကြောင်း သိရသည်။

မုန်တိုင်းဘေးအန္တရာယ်ကျရောက်မည့်ဒေသများမှ လူဦးရေ တစ်သန်းခန့်ကို ရွှေ့ပြောင်းထားခဲ့သည်။ ယခုအခါ ထောင်ပေါင်းများစွာသောလူတို့သည် ၎င်းတို့၏နေအိမ်များဆီသို့ ပြန်လာကြပြီဖြစ်သည်။

မနီလာမြို့သူ မြို့သားများသည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့အတွက် ကြိုတင်ပြင်ဆင်လျက် ရှိကြသည်။

ဖိလစ်ပိုင် မိုးလေဝသဌာန၏ အဆိုအရ မုန်တိုင်းသည် နိုင်ငံကိုဖြတ်၍ အနောက်ဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိကာ အပူပိုင်းမုန်တိုင်းအဆင့်သို့ လျော့ကျသွားပြီဖြစ်ကြောင်း သိရသည်။

လာမည့် ၂၄ နာရီအတွင်း လေသည် တစ်နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် တိုက်ခတ်မည်ဖြစ်ကြောင်း၊ ပင်လယ်လှိုင်းလုံးများသည် နှစ်မီတာအမြင့်အထိ မြင့်တက်မည်ဖြစ်ကြောင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းတို့အတွက် ပြင်ဆင်ထားကြရန် မနီလာနှင့် ၎င်း၏ပတ်ဝန်းကျင်ဒေသ၌ နေထိုင်သူများကို အစိုးရက ယနေ့ နံနက်တွင် သတိပေးခဲ့သည်။

ဖိလစ်ပိုင်စတော့အိတ်ချိန်းနှင့် ဘဏ်လုပ်ငန်းရှင်များအဖွဲ့၏ ကြေညာချက်အရ ငွေကြေးဈေးကွက်ကို ပိတ်ထားသည်။ ကျောင်းများကိုလည်းပိတ်ထားကာ လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းပြီး အစိုးရဝန်ထမ်းများအား မိမိတို့နေအိမ်များတွင်သာနေကြရန် ပြောကြားထားသည်။ **ဘီဘီစီ။**

# အိန္ဒိယဝန်ကြီးချုပ် တက်ရောက်မည့် ကက်ရှ်မီးယားမဲဆွယ်ပွဲ လုံခြုံရေးတင်းကျပ်

**ဆရီနာဂါ ဒီဇင်ဘာ ၈**

အိန္ဒိယကထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၌ လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းက စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် ယင်းဒေသ၌ကျင်းပမည့် ရွေးကောက်ပွဲလှုံ့ဆော်ရေး လူထုစည်းဝေးပွဲသို့ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း ယနေ့ ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ကက်ရှ်မီးယားဒေသ၏ အဓိကမြို့ကြီးဖြစ်သော ဆရီနာဂါ၌ ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပမည့် လူထုစည်းဝေးပွဲအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ရာပေါင်းများစွာကို တိုးချဲ့ဖြန့်ကြက်ထားသည်။

ပထမနှင့်ဒုတိယအကျော့ ရွေးကောက်ပွဲများ ကျင်းပခဲ့ရာတွင် မဲပေးသူ စံချိန်တင်များပြားခဲ့ပြီး စစ်သွေးကြွများက ရွေးကောက်ပွဲကျင်းပမှုကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရက ပြောကြားသည်။ ယင်းဒေသ၏ တတိယအကျော့ရွေးကောက်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ထိုစဉ်အတွင်း ကက်ရှ်မီးယားဒေသခွဲထွက်ရေးဝါဒီများက ရွေးကောက်ပွဲများကို ဆန့်ကျင် သပိတ်မှောက်ကြရန် နှိုးဆော်ထားသည်။

အစ္စလာမ်ဘာသာဝင်အများစုနေထိုင်ရာ ကက်ရှ်မီးယားပြည်နယ် လွှတ်တော်၏ အမတ်နေရာကို ရွေးချယ်နိုင်ရန် ရွေးကောက်ပွဲကို အဆင့်ငါးဆင့်ဖြင့် ကျင်းပလျက်ရှိသည်။ ပထမအဆင့် ရွေးကောက်ပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် စတင်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်များကို ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

လွန်ခဲ့သည့် သောကြာနေ့ (ဒီဇင်ဘာ ၅)ရက်တွင် ယူရီဒေသအတွင်းရှိ အိန္ဒိယအစိုးရလုံခြုံရေးတပ်ဖွဲ့စခန်းတွင်းသို့ စစ်သွေးကြွလက်နက်ကိုင်များ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ၁၁ ဦး ကျဆုံးခဲ့ရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီ မိန့်ခွန်းပြောကြားမည့် ခရစ်ကတ်အားကစားရုံဝန်းကျင်တွင် စစ်ရဲတပ်ဖွဲ့ဝင် ၃၀၀၀ ကျော်က လုံခြုံရေးယူထားပြီး အနံ့ခံခွေးများလည်း ပါဝင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

# အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ တိုက်ခိုက်ရေးတာဝန်ပြီးဆုံး

**ကဘူး ဒီဇင်ဘာ ၈**

အမေရိကန်နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)တို့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အစိုးရကို ဖြုတ်ချပြီးနောက် ၁၃ နှစ်ကြာသောအခါ ၎င်းတို့၏ တိုက်ခိုက်ရေးတာဝန်ကို အခမ်းအနားကျင်းပ၍ အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။

စစ်ဆင်ရေးများကို ကြီးကြပ်ကွပ်ကဲသော နေတိုး၏ နိုင်ငံတကာ လုံခြုံရေးအကူအညီပေးရေး ပူးတွဲတပ်ဖွဲ့က ၎င်း၏ အလံတော်ကို တိုင်ထိပ်မှ တနင်္လာနေ့တွင် ချလိုက်ခြင်းအားဖြင့် ၎င်း၏တပ်ဖွဲ့များ ဖြန့်ကြက်ထားခြင်းကို တရားဝင်ပြီးဆုံးစေခဲ့သည်။

နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူး အမေရိကန်ဗိုလ်ချုပ်ကြီး ဂျွန်အက်ဖ်ကင့်ဘဲလ်က ၎င်းတို့၏တာဝန်မှာ အာဖဂန်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးရေးနှင့် အထောက်အပံ့ပေးရေးသို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဖဂန် နစ္စတန်နိုင်ငံ၌ နိုင်ငံစုံတပ်ဖွဲ့၏ အင်အားသည် ၂၀၁၁ ခုနှစ်တွင် ၁၄၀၀၀၀ ရှိရာမှ ဇန်နဝါရီ ၁ ရက်မှ စ၍ ၁၃၀၀၀ သာ ရှိတော့မည်ဟု ၎င်းကပင် ပြောသည်။

တာလီဘန်တို့၏ တိုက်ခိုက်မှုအရှိန်မြင့်လာစဉ်တွင် နိုင်ငံစုံတပ်ဖွဲ့၏ တာဝန်ပြီးဆုံးသွားခဲ့သည်။ သို့သော်လည်း တာလီဘန်နှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွများကို နှိမ်နင်းရန်အတွက် သမ္မတအိုဘားမားသည် အမေရိကန်တပ်ဖွဲ့များကို မကြာသေးမီက ခွင့်ပြုခဲ့သည်။ **အေပီ။**



# ဘယ်လ်ဂျီယံဆန္ဒပြမှုကြောင့် လေကြောင်းလိုင်းများ ကြန့်ကြာမှုရှိ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၈**

ဘယ်လ်ဂျီယံအစိုးရသစ်၏ ခြိုးခြံချွေတာရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုများကြောင့် နိုင်ငံတကာ လေကြောင်းလိုင်းများနှင့် ရထားခရီးစဉ်ပြေးဆွဲမှုများ အချိန်ကြန့်ကြာခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာနက ယနေ့ဖော်ပြသည်။

မြို့တော်ဘရပ်ဆဲလ်နှင့် ပြင်သစ်၊ နယ်သာလန်၊ ဂျာမနီနိုင်ငံများသို့ ပြေးဆွဲနေသော မြန်နှုန်းမြင့်ရထားများ၊ မြေအောက်ရထားများ၊ ဘတ်စ်ကားများအပါအဝင် ဓာတ်ရထားတို့သည် ဆန္ဒပြမှုများကြောင့် အချိန်ကြန့်ကြာခဲ့ရသည်။

ဘရပ်ဆဲလ် နိုင်ငံတကာလေဆိပ်တွင် ခရီးဆောင်အိတ်များ စီစဉ်ပေးသော ဝန်ထမ်းများမှာ ဆန္ဒပြမှုများတွင် ပါဝင်နေခဲ့သည့်အတွက် လေကြောင်းလိုင်း ၂၆၇ လိုင်း၏ တစ်နေ့တာ ပြေးဆွဲမှုကို ဖျက်သိမ်းခဲ့ရသည်။ ဆန္ဒပြသူများကြောင့် ကျောင်းများ၊ စက်မှုဇုန်များနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ထိခိုက်နစ်နာစေခဲ့သည်။

လူပေါင်း ၁၃၀၀၀၀ ကျော်ပါဝင်သော ဆန္ဒထုတ်ဖော်မှုသည် လွန်ခဲ့သောလက စတင်ဖြစ်ပွားခဲ့ရာ အဓိကရုဏ်းများကြောင့် ရဲအရာရှိ ၁၁၂ ဦး၊ အရပ်သား ၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အရပ်သား ၃၀ ဖမ်းဆီးခံထားရသည်။

လာမည့်နှစ်တွင် လူနေမှုစရိတ်မြင့်တက်မှုကို လျှော့ချနိုင်စေရန်ရည်ရွယ်ပြီး ဝန်ကြီးချုပ် ချားလီစ်မစ်ချယ်ဦးဆောင်သော ဗဟိုညွန့်ပေါင်းအစိုးရ၏ ဆုံးဖြတ်ချက်ကို ဘယ်လ်ဂျီယံသမဂ္ဂက ဆန့်ကျင်ခဲ့သည်။ ထို့ပြင် ပြည်သူ့ဝန်ဆောင်မှုသုံးစွဲမှုစရိတ်များလျှော့ချမှုနှင့် ပင်စင်သက်တမ်း တိုးမြှင့်မည့်အစီအစဉ်များကိုလည်း သမဂ္ဂအဖွဲ့က အကာအကွယ်ပြုပေးနေသည်။

ဝန်ကြီးချုပ် ချားလီစ်မစ်ချယ်အစိုးရ၏ ချွေတာရေးအစီအစဉ်များမှာ မူလပင်စင်သက်တမ်းကို ၆၇ နှစ်သို့ တိုးမြှင့်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုသုံးစွဲမှုစရိတ်ကို ၁၀ ရာခိုင်နှုန်းလျှော့ချခြင်း၊ အလုပ်လက်မဲ့များ အလုပ်ပြန်လည်လုပ်ဆောင်ရန်အတင်းအကျပ်ခိုင်းစေခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုစရိတ်လျှော့ချခြင်းတို့ဖြစ်သည်။ **အေအက်ဖ်ပီ။**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အဆိုပါ တက္ကသိုလ်ရှိပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်ကြားစီမံမှု တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က မိတ်ဆက်စကားပြောကြားသည်။


ယင်းနောက် ပြည်ထောင်စု လွှတ်တော် ဒုတိယနာယကနှင့်ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို အကျယ်တဝင့်ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **ခင်ချိုဝင်း**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၁၂-၂၀၁၄ (အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မာရီမာ(အပိုင်း- ၈၆) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြမ္မာခါးခါး (အပိုင်း-၁၇) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်ရိပ်ဆူး (အပိုင်း-၄၀) -ဟာသရုပ်စုံ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဝအားမာန်" (အပိုင်း-၃၀) |




# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများရရှိရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ ရောက်ရှိနေသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ ကုန်းတွင်းပိတ်နှင့် ကျွန်းငယ်ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr.Gyan Chandra Acharya အား ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆိုင်ရာနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ရရှိရေးကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် Mr.Gyan Chandra Acharya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် နေပြည်တော် Kempinskiဟိုတယ်၌ ညစာဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဝါယာရှော့ခ်ကြောင့် လောင်သည့်မီး ရန်ကုန်တွင်များပြားနေကြောင်း တွေ့ရ

**ရန်ကုန် ဒီဇင်ဘာ ၈**

လျှပ်စစ် ဝါယာရှော့ခ်ကြောင့် လောင်ကျွမ်းသည့်မီးလောင်ကျွမ်းမှုမှာ ရန်ကုန်တွင်များပြားနေပြီး လွန်ခဲ့သော နိုဝင်ဘာ တစ်လတာအတွင်းတွင် ၁၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

နိုဝင်ဘာ တစ်လတာအတွင်းတွင် လျှပ်စစ်ဝါယာရှော့ခ်ကြောင့် လောင်သည့်မီး ၁၅ ကြိမ်၊ ပေါ့ဆမီး ၁၀ ကြိမ်၊ မီးဖိုမီး သုံးကြိမ်၊ ရှို့မီးတစ်ကြိမ်တို့ အပါအဝင် ရန်ကုန်တွင် စုစုပေါင်း ၂၉ ကြိမ်ဖြစ်ပွားခဲ့ကာ အိမ်ခြေ၊ အဆောက်အအုံ ၁၃ လုံး၊ စက်ရုံ အလုပ်ရုံ တစ်လုံး၊ ဂိုဒေါင်တစ်လုံးတို့ လောင်ကျွမ်းဆုံးရှုံးခဲ့ပြီး ဒဏ်ရာရသူ ငါးဦးရှိခဲ့ကာ ခန့်မှန်းဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၈၄၇၈၀၀၀ ရှိခဲ့ကြောင်း သိရသည်။

ထို ၂၉ ကြိမ်မှာ ကျောက်တံတားတွင် လေးကြိမ်၊ စမ်းချောင်းတွင် တစ်ကြိမ်၊ တာမွေတွင် ငါးကြိမ်၊ သာကေတတွင် သုံးကြိမ်၊ တောင်ဥက္ကလာပတွင် နှစ်ကြိမ်၊ မြောက်ဥက္ကလာပတွင် လေးကြိမ်၊ အင်းစိန်တွင် ငါးကြိမ်၊ လှိုင်တွင် တစ်ကြိမ်၊ သန်လျင်တွင် တစ်ကြိမ်၊ လှိုင်သာယာတွင် သုံးကြိမ်ဖြစ်ပွားခဲ့သည်။

ထိုလျှပ်စစ်ဝါယာရှော့ခ်ကြောင့် မီးလောင်ကျွမ်းမှုမဖြစ်စေရန် နေအိမ်၊ အဆောက်အအုံများတွင် ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝါယာကြိုးများကို မသုံးစွဲစေရန် အသိပေးခြင်းတို့ကို လည်းကောင်း၊ လူမရှိဘဲ လျှပ်စစ်မီးချောင်း၊ ပန်ကာ စသော ခလုတ်များကို ဖွင့်ထားခြင်းမျိုးမပြုဘဲ အပြင်ထွက်သည့်အခါတိုင်းတွင် မိန်းချပြီးမှသွားလာရန် ပညာပေးမှုများ လုပ်ဆောင်နေသော်လည်း လိုက်နာမှုအားနည်းနေခြင်းဖြစ်ကြောင်း သိရသည်။

"မနေ့ညနေက ဘေးအိမ်မှာလူမရှိဘဲ မီးအားမြှင့်စက်ကြီးက အော်နေတာ၊ အိမ်တံခါးကလည်း ပိတ်သွားတော့ ဘယ်လိုက်ခေါ်ရမှန်းမသိဘူး၊ အိမ်ရှင်ဖုန်းကိုမှတ်မိလို့ အိမ်ရှင်ဆီဖုန်းဆက်ပြီး အမြန်ပြန်လာခိုင်းရတယ်၊ ကံကောင်းလို့ မီးမလောင်တာ"ဟု ကိုယ်တိုင်ကြုံခဲ့ရသူတစ်ဦးက ပြောသည်။

လွန်ခဲ့သောလအတွင်းကလည်း အိမ်ရှင်မရှိဘဲ မီးချောင်းဖွင့်ထားခြင်းကြောင့် ပလပ်ခုံအပူလွန်ကာ လောင်ကျွမ်းခဲ့သော မီးလောင်ကျွမ်းမှုတစ်ခု ဒေါပုံမြို့နယ်အတွင်းတွင် ဖြစ်ပွားခဲ့ဖူးကြောင်း၊ မကြာမီ ပူပြင်းသောရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်ရာ မီးလောင်မှုများကြောင့် ဆုံးရှုံးမှုမဖြစ်စေရန် လျှပ်စစ်သုံးစွဲရာတွင် စနစ်တကျဖြင့် လုပ်ဆောင်သင့်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**


# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)

ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၄၃၁၈၈၈၀၃



# အင်အားရှိသော တပ်မတော်နှင့် ဗိုလ်ရှုသဘင်

**အညတရ**

လွတ်လပ်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်သည်။ လူမျိုးတစ်မျိုးအတွက် တည်တံ့ခိုင်မြဲသော လွတ်လပ်ရေးရှိနေခြင်းသည် ထိုလူမျိုး၏အသက်သွေးကြော ရှင်သန်နေပြီး လုံခြုံစိတ်ချသော ဘဝတွင် ရပ်တည်နေထိုင်နိုင်သည်။ ထိုမျှ အဖိုးအနဂ္ဃထိုက်တန်သည့် လွတ်လပ်ရေးကို ထိုလူမျိုးတို့မြတ်နိုးတွယ်တာကြသလို လွတ်လပ်ရေးရရှိခဲ့သည့် နေ့ထူးနေ့မြတ်သို့ ရောက်လေတိုင်းလည်း လွတ်လပ်ရေးအောင်ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲလေ့ရှိကြသည်မှာ အစဉ်အလာဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ ၂၀ မိနစ်အချိန်မှစတင်၍ လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့သောနေ့သည် မြန်မာနိုင်ငံအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ထိုနေ့တွင် လွတ်လပ်ရေးအောင်ပွဲသဘင်ကို ကြီးကျယ်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခြင်းသည် မြန်မာတို့၏ အောင်မြင်မှုနှင့် ဂုဏ်ယူဖွယ်အကောင်းဆုံးနေ့တစ်နေ့ဟု မှတ်ယူထားကြသည်။

လက်တွေ့တွင်လည်း လွတ်လပ်ရေး ပထမအောင်ပွဲသဘင်မှ မျက်မှောက်ကာလ လွတ်လပ်ရေးအောင်ပွဲသဘင်တိုင် ခြိမ့်ခြိမ့်သဲသဲစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ လွတ်လပ်ရေးအောင်ပွဲသဘင် ကျင်းပရာတွင် ၁၉၅၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်၊ ဦးဘဦး၊ ဦးဝင်းမောင်တို့ကိုယ်တိုင် တက်ရောက်၍ ခမ်းခမ်းနားနားကျင်းပခဲ့သည်။ ထိုအခမ်းအနားများတွင် လွတ်လပ်ရေးနေ့အခမ်းအနားကို အလေးအနက်ထား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတကြီးအား မြန်မာနိုင်ငံရှိ တပ်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံတို့က ဂုဏ်ယူစွာဖြင့် ချီတက်အလေးပြုခဲ့ကြသည်။

ထိုသို့အလေးပြုခဲ့ကြရာတွင် လွတ်လပ်ရေးကို ပြည်သူတို့နှင့်အတူ ကာကွယ်စောင့်ရှောက်ခဲ့ကြသော တပ်မတော်သား အင်အားအများဆုံးဖြင့် ဖော်ထုတ်ပြသနိုင်ခဲ့သည့် ၁၉၅၈ ခုနှစ် လွတ်လပ်ရေးနေ့အောင်ပွဲသဘင်ကို ပြန်လည်အမှတ်တရရှိစေချင်၍ တင်ပြလိုက်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၁၉ ခုနှစ် ပြာသိုလပြည့် ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကား ကတ္တီပါအပြာကို နောက်ခံပြု၍ ရွှေသားရည်ပြေးနေသည့် လဝန်းကြီးသည် အခြွေအရံ တာရာငယ်လေးများနှင့်အတူ ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အခါတော်ကို စောင့်လင့်နေကြသည့်နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားအပေါင်းတို့သည်လည်း မင်္ဂလာအခါတော်အခမ်းအနားတွင် အသင့်ရောက်ရှိနေကြ၏။

နှင်းဆောင်သည့်လပြီပြီ နှင်းမှုန်လေးများသည် လေထဲ၌ ဝဲလျက်အအေးဓာတ်ဖြင့် စွတ်စိုရစ်ပတ်နေပေသည်။ ထိုစဉ်ဝယ် နံနက် ၄ နာရီ မိနစ် ၂၀ တိသည်နှင့် ငြိမ်သက်အေးမြလျက်ရှိသော အခြေမှသည် ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မင်္ဂလာအခါတော်ကျူးရင့်သံအဖုံဖုံတို့သည် ပြည်ထောင်စုတစ်ဝန်းလုံးပဲ့တင်ဟည်းမျှ တစ်ချိန်တည်း တစ်ပြိုင်တည်း ရိုက်ခတ်နှစ်သိမ့်သွားပေ၏။ ဤသည်မှစ၍ ဆယ်နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲသဘင် ဆင်ယင်မှုသည် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဝေဆာလေတော့၏။

ရန်ကုန်မြို့တော်၏ (၁၀)နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားမြင်ကွင်းကား ဤသို့ ဖြစ်ပေသည်ဟု အစချီကာ ပရိသတ်တို့သည် နံနက် ၄ နာရီထိုးသည်နှင့် ဗန္ဓုလပန်းခြံ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ဝယ် စုဝေးရောက်ရှိနေကြ၏။ ထိုအချိန်မှစတင်လျက် မင်္ဂလာစည်တော်ရွှမ်းလျက်ရှိလေသည်။ ၄ နာရီ ၁၉ မိနစ်တွင် ဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးက နိုင်ငံတော်အလံကို လွှင့်ထူ၏။ ပြည်သူ့သူနာပြုတီးဝိုင်းက နိုင်ငံတော်သီချင်းတီးမှုတ်နေ၏။ ၄ နာရီ မိနစ် ၂၀ တိတိတွင် တိုင်ထိပ်သို့ အလံရောက်သည်နှင့်တစ်ပြိုင်နက် တပ်မတော်မှ အမြောက် ၁၂ ချက်ပစ်ဖောက်ကာ ပရိသတ်အားလုံးတို့က အလေးပြုကြ၏ဟု (၁၀)ကြိမ်မြောက် လွတ်လပ်ရေးအောင်ပွဲသဘင် အစပိုင်းအခမ်းအနားကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့မှ ထုတ်ဝေသော ဟံသာဝတီသတင်းစာ၌ ခမ်းခမ်းနားနားဖော်ပြခဲ့သည်။



၁၉၅၈ ခုနှစ် လွတ်လပ်ရေးအောင်ပွဲသဘင်အခမ်းအနားကို ထိုသို့ စတင်ကျင်းပခဲ့ပြီးနောက် နံနက် ၈ နာရီ ၃၅ မိနစ်အချိန်တွင် အဂ္ဂမဟာသီရိသုဓမ္မ ဘွဲ့တံဆိပ် ရွှေစလွယ်ဆင်မြန်းထားသော နိုင်ငံတော်သမ္မတကြီးအား တပ်ပေါင်းစုံတို့က စစ်ရေးပြအခမ်းအနားဖြင့် စတင်ချီတက်အလေးပြုခဲ့ကြ၏။ (၁၀) နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲဗိုလ်ရှုသဘင် စစ်ရေးပြအခမ်းအနားသည် ယခင်ကျင်းပခဲ့သော လွတ်လပ်ရေးဗိုလ်ရှုသဘင် စစ်ရေးပြအခမ်းအနားများထက် ပိုမိုထည်ဝါခံ့ညားခဲ့သည်။ အင်အားများသော မြန်မာ့တပ်မတော်သားများပါဝင်သည့် တစ်မူထူးခြားသော အခမ်းအနားကြီးဖြစ်ခဲ့၏။


စစ်ရေးပြတပ်ပေါင်းစုံတို့၏ ရှေ့ဆုံးတပ်ဦးမှ တပ်မတော်အလံကိုင်တပ်ဖွဲ့က စတင်ချီတက်အလေးပြုကြသည်။ ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုံတို့၏ အလံများကို ထိုတပ်ပေါင်းစုံမှ တပ်မတော်သားများက ကိုင်ဆောင်၍ အစုလိုက်ချီတက်အလေးပြုခဲ့ကြ၏။ ထို့နောက် ရှေ့ပြေးမော်တော်ဆိုင်ကယ်တပ်၊ စစ်ရေးပြတပ်မင်းကြီး ဦးဆောင်သည့် ဦးစီးအရာရှိများ၏ ဂျစ်ကားအုပ်စု၊ သည့်နောက် ဂုဏ်ပြုတပ်ဖွဲ့ အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း စစ်တီးဝိုင်း၊ ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်မတော်(ရေ) တပ်စု(၁)နှင့် တပ်စု(၂)တို့ကလည်းကောင်း၊ တပ်မတော်(လေ)တပ်စု(၁) ရဲညွှန့်လေးများက ချီတက်အလေးပြုခဲ့ကြ၏။ အထူးသဖြင့် ထိုနှစ်က တပ်မတော်သားအပေါင်းတို့သည် ရိုင်ဖယ်သေနတ်များကိုင်ဆောင်မှုနည်းပြီး အောင်ဆန်းဂန်း၊ နေဝင်းဂန်းဟူသည့် သေနတ်အတိုများကို ရင်၌လွယ်ပြီး ချီတက်ခဲ့ကြ၏။ လေတပ်ရဲညွှန့်ကလေးများ ချီတက်ရာ၌ ထိုသေနတ်အတိုအလေးများကို ကိုင်ဆောင်ခဲ့ကြ၏။ ပရိသတ်က အထူးသြဘာပေးခဲ့ကြ၏။



ထို့နောက် တပ်မတော်(လေ)တပ်စု(၂)မှ အမျိုးသမီးတပ်က ချီတက်အလေးပြုကြ၏။ လေတပ်စု (၂)တွင် လေတပ်ဗိုလ်ကြီးလှသန်း(တက္ကသိုလ်မလှသန်း)က ရှေ့ဆောင်ပြီး အမျိုးသမီးတပ်ဖွဲ့ဝင်တို့သည် ခိုပြာရောင်ဘောင်းဘီ၊ အင်္ကျီများဝတ်ဆင်လျက် အောင်ဆန်းဂန်းသေနတ်တိုများ ကိုင်ဆောင်ကာ တပ်မတော်သားများနည်းတူ အားမာန်အပြည့်ဖြင့် ချီတက်အလေးပြုနေစဉ် ပရိသတ်တို့၏ သြဘာပေးသံများမှာ တသောသောပင်။ တစ်ဆက်တည်းတွင် ခြေမြန်တပ်ရင်းများမှ တပ်ခွဲ ၁၊ ၂၊ ၃ နှင့် ၄ တို့ကလည်းကောင်း၊ ခြေမြန်တပ်ရင်း လေထီးတပ်ခွဲ ၁၊ ၂၊ ၃ နှင့် ၄ တို့ကလည်းကောင်း၊ အချက်ပြဆက်သွယ်ရေးတပ်ရင်းကလည်းကောင်း၊ တက္ကသိုလ်အရန် တပ်ရင်းကလည်းကောင်း အသီးသီးချီတက်အလေးပြုကြ၏။

ထို့နောက် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ဖွဲ့၊ ဆေးဘက်ဌာနချုပ်နှင့် လေ့ကျင့်ရေးတပ်ရင်း၊ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့များ၊ အမှတ် (၁၉) ခြေလျင်တပ်ရင်းစစ်တီးဝိုင်း၊ တိုင်းအလုပ်ရုံ(လျှပ်စစ်)တပ်မတော် တပ်ကြပ်သင်တန်းကျောင်းတို့က ချီတက်အလေးပြုကြ၏။ ထိုအထဲတွင် အမှတ် (၁) လေ့ကျင့်ရေးတပ်ရင်းမှ ရဲညွှန့်လေးများ ချီတက်အလေးပြုကြရာ ပရိသတ်၏ လက်ခုပ်သြဘာသံများ မစဲအောင်ကြားရပြန်၏။ တစ်ဆက်တည်းတွင် လေ့ကျင့်ရေးနှင့် ဖြည့်တင်းရေး တပ်ရင်း၊ တောင်ပိုင်းတပ်မတော်မှတ်တမ်းရုံး၊ ရန်ကုန်စစ်ရဲတပ်ရင်း တပ်စု (၁) နှင့်တပ်စု (၂)၊ရန်ကုန်ရဲတပ်ဖွဲ့ တပ်စု (၁) နှင့် တပ်စု (၂)၊ သစ်ထုတ်လုပ်ရေး လက်နက်ကိုင်တပ်ဖွဲ့၊ လျှပ်စစ်လုံခြုံရေးတပ်ဖွဲ့တို့က ချီတက်အလေးပြုကြပြန်၏။

ယင်းနောက် သံချပ်ကာယန္တရားတပ်ဖွဲ့က ချီတက်အလေးပြုကြသည်မှာ အံ့မခန်းပင်။ ယန္တရားတပ်၏ တပ်ဦးမှ ကင်းထောက်တပ်စု၊ သံချပ်ကာတပ်စု၊ တင့်ကားအလတ်စားတပ်စု၊ ထို့နောက် တင့်ကားအကြီးစားတို့က ချီတက်အလေးပြုလာသည်နှင့်တစ်ပြိုင်နက် ကောင်းကင်ယံမှ တပ်မတော်လေတပ်မှ လေ့ကျင့်ရေးလေယာဉ်များ၊ ဆက်သွယ်ရေးလေယာဉ်များ၊ ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များက အစုလိုက် အသုတ်လိုက်ချီတက်အလေးပြုကြ၏။ ထိုအချိန်တွင် ဆေးတပ်ဖွဲ့နှင့် သူနာပြုယာဉ်များကလည်း ဆက်လက်ချီတက်



အလေးပြုပြန်သည်။ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများက တစ်ဆက်တည်း ချီတက်ကြသည်။ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ ချီတက်အလေးပြုနေစဉ် တပ်မတော်လေယာဉ်များက ကောင်းကင်ယံမှ စာရွက်စာတမ်းများ၊ ငွေရောင် ရွှေရောင် စက္ကူများကို ကြဲချကြ၏။ မီးရှူးမီးပန်းအသင်းချုပ်ကလည်း ကောင်းကင်ယံသို့ အမြောက်ဒိုးများဖြင့် ပစ်ခတ်၍ နိုင်ငံတော်အလံများ လွှင့်တင်ကြ၏။

ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ရှေ့ဆုံးမှ ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်၊ မီးသတ်တပ်ဖွဲ့နှင့် မီးသတ်စက်များ၊ အမျိုးသားကင်းထောက်များက ချီတက်အလေးပြုကြ၏။ ထို့နောက် ပြည်နယ်အလိုက် ချီတက်လာကြသော တိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသည့် တိုင်းရင်းသားလူမျိုးများကလည်း ချီတက်အလေးပြုကြ၏။ အလုပ်သမားအစည်းအရုံးနှင့် အဖွဲ့အစည်းပေါင်းစုံတို့လည်း ချီတက်အလေးပြုကြ၏။ တစ်ဖန်ဝန်ကြီးဌာနအလိုက် ဆက်လက်ချီတက်အလေးပြုကြပြန်ရာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရားရေးဝန်ကြီးဌာနတို့က အချောအလှ မိန်းကလေးများနှင့် အလှဆုံးချီတက်အလေးပြုသွားကြ၏။

အဖွဲ့အစည်းအားလုံး နံနက် ၁၀ နာရီခွဲခန့်တွင် အလေးပြုပြီးသွားသောအခါ စည်တော်ရွှမ်းလျက် နိုင်ငံတော်သမ္မတကြီးနှင့် သမ္မတကတော်တို့ ပြန်လည်ထွက်ခွာခဲ့ကြပြီးနောက် နှစ်ပတ်လည်လွတ်လပ်ရေးအောင်ပွဲ ဗိုလ်ရှုခံသဘင်အခမ်းအနားမှာ အောင်မြင်စွာပြီးဆုံးခဲ့လေသည်။ ယင်းမှာ ၁၉၅၈ ခုနှစ် (၁၀) နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုခံသဘင် ဆင်ယင်ကျင်းပခဲ့ပုံတို့ကို ယခုခေတ်ပြည်သူများ သိရှိနိုင်စေရန်အတွက် ပြန်လည်မျှဝေပေးခြင်းဖြစ်ပါသည်။

တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတများကိုယ်တိုင် ကြွရောက်၍ လွတ်လပ်ရေးအောင်ပွဲနှင့် ဗိုလ်ရှုခံသဘင်အခမ်းအနားများကို ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၂ နှစ်တိုင်တိုင် ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ပါသည်။ ထိုသို့ချီတက်အလေးပြု၍ ဂုဏ်ပြုရခြင်းမှာလည်း မြန်မာနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော တန်ဖိုးကြီးမားသည့် လွတ်လပ်ရေးကြီးကို ကာကွယ်စောင့်ရှောက်ရယူပေးခဲ့ကြသည့် တိုင်းရင်းသားပြည်သူအပေါင်းတို့နှင့်တကွ အသက်သွေးချွေးပေးဆပ်ခဲ့ကြသော တပ်မတော်သားများအား ဂုဏ်ပြုမြှင့်တင်သောအားဖြင့် တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးပါဝင်ချီတက်အလေးပြုကြကာ မြန်မာနိုင်ငံ၏ အကြီးကျယ်အခမ်းနားဆုံးအောင်ပွဲကြီးအဖြစ် ဖော်ထုတ်ပြသနိုင်ခဲ့သည်။

ထိုသို့ နှစ်ပေါင်း ၅၀ ကြာတိမ်မြုပ်နေသော မြန်မာနိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ခုကို ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြန်လည်ဖော်ထုတ်ပြသနိုင်တော့မည်ဖြစ်၍ နှစ်ပေါင်း ၅၀ မတိုင်မီကာလက တိုင်းရင်းသားပြည်သူများအားလုံး ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကျေနပ်မှုဖြစ်ကြသကဲ့သို့ မကြာမီကာလတွင်လည်း မျက်မှောက်ခေတ် ပြည်သူများအနေဖြင့် ဝမ်းမြောက်ပီတိဖြစ်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။






# ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စစ်တွေမြို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၇ ရက်က စစ်တွေမြို့ စက်ရုံစုကယ်ဆယ်ရေးစခန်း(၃)သို့ ရောက်ရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ ပြန်လည်မြင့်တင်ပေးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျပ်သန်းပေါင်း ၁၆၀၀ ကျော် ကျခံသုံးစွဲခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ကျပ်သန်းပေါင်း ၁၁၀၀ ကျော် သုံးစွဲခဲ့ပါကြောင်း၊ လာမည့်နှစ်တွင်လည်း လိုအပ်ချက်ပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လာမည့် ဒီဇင်ဘာ ၁၅ ရက်တွင် ရခိုင်ပြည်နယ်ရှိ အဓိကကျသည့်မြို့များ၌ မဟာဓာတ်အားလိုင်း ရရှိတော့မည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မြေဧက ၁၈၃၃ ဧကကျယ်ဝန်းသည့် ပုဏ္ဏားကျွန်းစက်မှုဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံလျက်ရှိပါကြောင်း၊ ထို့အပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ရာ ထိုတိုးတက်ဖွံ့ဖြိုးမှုများတွင် ရခိုင်ပြည်သူများ ကိုယ်တိုင်ပါဝင်နိုင်ဖို့ လိုအပ်ကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းအကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများ တည်ဆောက်ပြီး မိမိတို့၏ လူမှုစီးပွားဘဝများ ပြန်လည်မြင့်တက်လာစေဖို့ ကြိုးစားကြစေလိုကြောင်း၊ အတိတ်က သမိုင်းများကို သင်ခန်းစာယူပြီး သမိုင်းဆက်မမှားဖို့ တိုက်တွန်းလိုကြောင်း၊ ယဉ်ကျေးမှုမြင့်မားသည့် လူ့အဖွဲ့အစည်းဖြစ်အောင် ကြိုးစားရင်းကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးကြရန်ပြောကြားလိုကြောင်း၊ နိုင်ငံအတော်အနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး စက်ရုံစု ကယ်ဆယ်ရေးစခန်းသို့ ကျပ်သိန်း ၂၀ ကို ထောက်ပံ့လှူဒါန်း၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သက္ကေပြင်ဘင်္ဂါလီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး နိုင်ငံတော်၏ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြား၍ ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ သုံးဘီးဆိုင်ကယ်နှစ်စီးကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံများ၏တင်ပြချက်များကို ဌာနဆိုင်ရာများနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် သက္ကေပြင်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာန အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာန အဆောက်အအုံဒီဇိုင်းနှင့် စီမံခန့်ခွဲမှုပုံစံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင်နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနမှာ အရေးပေါ် အခြေအနေစီမံကွပ်ကဲမှုဗဟိုဌာနကို ၂၀၁၁ ခုနှစ်၌ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများက လက်တွဲပူးပေါင်းပြီး ဆောင်ရွက်သွားနိုင်အောင် နေရာတစ်ခုဖြစ်လာမည့် အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာန အဆောက်အအုံဆောက်လုပ်နိုင်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Deputy Chief of Mission, Ms. Vir ginia Murray၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ Senior Representative, Mr.Kyosuke INADA နှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) မှ Head of Coordination Support Section, Ms. Carrie Howard တို့က ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ငါးရက်ကြာ ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲ၌ နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက "လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသောဖွံ့ဖြိုးမှုအရှိန်အဟုန်များကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်အတွက် အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာနအဆောက်အအုံဒီဇိုင်းနှင့် စီမံခန့်ခွဲမှုပုံစံများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

# အချိန်အခါမဟုတ် ကွက်ကျားမိုးရွာသွန်းမှုကြောင့် တောင်သူများအလုပ်ပို၍ အခက်တွေ့

**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စိုက်ဧက ၄၃၃၄၇ ဧကတွင် တောင်သူ ၆၅၀ ခန့် မိုးစပါးစိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းချိန်တွင် အချိန်မီ ရိတ်သိမ်းနိုင်ရန် အရေးကြီးလှပေသည်။ မြိတ်မြို့တွင် အချိန်အခါမဟုတ် ကွက်ကျားမိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းစပါးများ မိုးရေစို၍ တောင်သူများအနေဖြင့် အလုပ်ပိုပြီး အခက်တွေ့လျက်ရှိကြောင်း သိရသည်။

စပါးရိတ်သိမ်းချိန်တွင် အချို့သော တောင်သူများက ရိတ်သိမ်းပြီး စပါးများကို အချိန်မီစပါးခြွေလှေ့စက်များရှိရာသို့ သယ်ဆောင်နိုင်ခဲ့သဖြင့် စပါးများမိုးရေမစိုဘဲ အချို့သော တောင်သူများ၏ ရိတ်သိမ်းပြီး စပါးများမခြွေလှေ့မီ ကောက်လိုင်းစည်းများဖြင့် လယ်ကွက်ထဲတွင်ထားစဉ် မိုးရွာ၍ မိုးရေစိုခဲ့သည်။ အဆိုပါ စပါးများကို အချိန်မီခြွေလှေ့မှသာ ရိတ်သိမ်းစပါးများ အလေအလွင့်မရှိမှာဖြစ်ကြောင်း၊ အချိန်မီမဆောင်ရွက်ပါက စပါးစေ့မှ အပင်ပေါက်ခြင်း၊ ဆန်ဝါဖောက်ခြင်းများ ဖြစ်နိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ သို့ဖြစ်၍ တောင်သူများအနေဖြင့် စပါးဈေးကောင်းရရေးနှင့် အလေအလွင့် နည်းပါးနိုင်ရေးအတွက် အချိန်မီဆောင်ရွက်ရန် အရေးကြီးကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

ဒေါင်းမင်း Travel ကျိုက်ထီးရိုး (နေ့စဉ်)
မဲလ်ဆံတော်ရှင်၊ကျိုက်ထီးဆောင်း၊ ကျောက်ပိရဟန္တာ ဘုရားစုံ 12000
ပုပ္ပါး၊ ပုဂံ၊ ရွှေဆံတော်လေးဆူ၊ ပခုက္ကူ ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး 55000
09-425355758, 09-31090443

ရွှေနဂါး (ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-55000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

ရွှေပြည်မြန်မာ 09-73207416,420248633
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံဆရာတော်ဖူး Dec 12,20,26,30
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ ပြင်ဦးလွင် Dec 26,30
+ပုဂံ(ရွှေဆံတော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် Dec 12,19,26,30
+ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်ဘုရား၊ မောင်းမကန်ကမ်းခြေ Dec 30
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)+ကားမျိုးစုံ ဝင်းလုံးငှားဆောင်ရွက်ပေးသည်။

ခါကာဘိုရာဇီ ကားမျိုးစုံစင်းလုံးငှါးအထူးလျှော့ဈေး
> ကျိုက်ထီးရိုး/ချောင်းသာ(စား/တည်းငြိမ်း-၂၅၀၀၀)
> ငွေဆောင် (စား/တည်းငြိမ်း- ၂ ညအိပ်၊ ၃ရက်- ၄၅၀၀၀)
> အင်းလေး၊ ပင်းတယ၊ ကလော၊ ထန်စစ်ရွ
> မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်
> ပုဂံ (ရွှေဆံတော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး အပတ်စဉ်(သောကြာ)
တိုက်(၂၀၈)၊ တာမွေ။
01 541365
0973257853
0943160345

ဝယ်ရင် ဒီအချိန်မှာဝယ် ၊ ဝယ်ရင် ဒီနေရာမှာဝယ်
CHRISTMAS & HAPPY NEW YEAR
အထူးလျှော့ဈေး နှင့် ပြက္ခဒိန် လက်ဆောင်
ရတနာမုန်

ဂန္ထဝင်ရွှေပုဂံ Travel & Tours
"Promotion Trip"
ဟောင်ကောင် + မကာအို USD 1000
နော်ဝေး၊ ဒိန်းမတ်၊ ဆွီဒင် USD 3800
တရုတ်ပြည် (Chengdu+Xian) USD 1300
No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
81st Road, Betwen 33 x 34 St, Mandalay.
Ph: 09-31693339,09-73013856 Hot Line: 09-73003772

အမြန်ရောင်းမည်
၁။ (၄၀'×၆၀')တ/ဒဂုံစက်မှုဇုန်၊မီးပါ။
၂။ (၄၀'×၆၀')ဒဂုံဆိပ်ကမ်း-၇၇၊ ရွှေလီလမ်းမ
၃။ (၄၀'×၆၀')ဒဂုံတောင်၆၉၊ ကျန်စစ်သားလမ်းမ
01-549138
095155106

သွေးသည်အသက်

ရွှေနဂါး (ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး-35000
ချောင်းသာ -45000
Ph:209077, 09-73167000
209388, 09-73168000

H.A.L TRAVELS 09-73040151
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
09-254505550,09-49215713

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

"မာလာဆောင် ပြည်လမ်းအရှေ့မှာ"၊ "မာလာဆောင်နဲ့ပတ်သက်လို့ ပုံပြင်လေးတစ်ပုဒ်ကြားဖူးတယ်" ဆိုတဲ့ သီချင်းတွေအပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေရဲ့ ရင်ထဲမှာ ပျောက်ကွယ်တာကြာပြီဖြစ်တဲ့ တက္ကသိုလ်ခံစားမှု ဂီတသံစဉ်တွေ ပြန်လည် ကြားယောင်ရတော့မည်ဟုပင် ဆိုရမည်။ မာလာဆောင်အပြင် နာမည်ကြီး သီရိဆောင်ကိုလည်း မာလာဆောင်နှင့်အတူ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ တစ်ချိန်က ဥပဒေကျောင်းသူများ အပါအဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသူများ အဆောင်နေထိုင်ခဲ့သည့် သီရိဆောင်ကိုလည်း ရန်ကုန်တက္ကသိုလ်ကျောင်းသူများအပြင် Student exchange အစီအစဉ်အရ လာရောက်ပညာသင်ကြားနေသည့် တရုတ်၊ ဂျပန်စသည့် ပြည်ပကျောင်းသူများ နေထိုင်ပညာသင်ကြားနိုင်ရန် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ မာလာဆောင်နှင့် သီရိဆောင်သီချင်းများ ပျံ့လွင့်လာတော့မည်ဖြစ်သလို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အဆောင်နေပညာသင်ကြားခြင်းအပြင် ဂီတ၊ အနုပညာ၊ အားကစားများကိုပါ ဘက်စုံဆောင်ရွက်နိုင်ရန် ပံ့ပိုးဖြည့်ဆည်းပေးလာပြီ ဖြစ်သည့်အတွက် တစ်ချိန်က ဆုံးရှုံးခဲ့ရသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဘဝခံစားမှုကို ပြန်လည်ရရှိနိုင်မည်ဟု ယူဆရသည်။

သမိုင်းဝင် မာလာဆောင်နှင့် သီရိဆောင်ကို ဒီဇင်ဘာ ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ တစ်ချိန်က အဆောင်ပုံစံအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခဲ့ခြင်းဖြစ်ပြီး အစိုးရ၏ မတည်ဆောင်ရွက်ပေးမှုနှင့်အတူ ကျောင်းသူဟောင်း၊ အဆောင်သူဟောင်းများက လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည်ဟု သိရသည်။ မာလာဆောင်ပြန်လည်ဖွင့်လှစ်ခဲ့ရာတွင် အဆောင်သူဟောင်း၊ အဆောင်မှူးဟောင်းတို့၏ ခံစားမှုစကားသံများကို ကြားသိခဲ့ရပြီး တစ်ချိန်က ကျောင်းတော်ကြီး၏ သမိုင်းဝင်နေရာများကို ပြန်လည်အောက်မေ့သတိရစေသလို ကျောင်းသူဘဝ ပြန်ရောက်သွားသကဲ့သို့ ငယ်ရွယ်နုပျိုသွားမှုကို ခံစားစေခဲ့ရသည်ဟု ဝမ်းနည်းဝမ်းသာ ပီတိစကားများ ရင်ဖွင့်ပြောကြားခဲ့ကြသည်။

"၁၉၆၄ စီးပွားရေးတက္ကသိုလ် စတင်ခြင်းနဲ့အတူ မာလာဆောင်စတင်ဖြစ်တည်ခဲ့တယ်။ ၁၉၆၄ ကနေ ၁၉၇၂ အထိ အဆောင်နည်းပြ၊ ၁၉၇၂ မှာ အဆောင်မှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးတက္ကသိုလ်နဲ့အတူ မွေးဖွားလာတဲ့မာလာဆောင် ပြန်လည်



**မာလာဆောင် အဆောင်မှူး ဒေါက်တာသန်းသန်းအေး ရှင်းလင်းပြောကြားစဉ်။**



**မာလာဆောင် အဆောင်မှူးဟောင်း ဆရာမကြီး ဒေါ်စီစီသန်း ရှင်းလင်းဖြေကြားစဉ်။**

အသက်ဝင်လာတာ ဝမ်းသာစရာပါပဲ။ အရင်က အရမ်းကိုပျော်စရာကောင်းခဲ့ပါတယ်" ဟု ပြောကြားခဲ့သူက မာလာဆောင် အဆောင်မှူးဟောင်း ဆရာမကြီး ဒေါ်စီစီသန်းဖြစ်သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီကလည်း "မာလာဆောင်ကို ပြန်ဖွင့်နိုင်တာ တော်တော်ဂုဏ်ယူတဲ့အပြင် မတွေ့တာကြာပြီဖြစ်တဲ့ မာလာဆောင်ကျောင်းသူဟောင်းတွေ၊ ဆရာ ဆရာမဟောင်းတွေအကုန်လုံး ပြန်တွေ့ရတာဖြစ်တဲ့အတွက် ဝမ်းမြောက်စကားရော၊ ပီတိစကားပါ ပြောကြားမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မာလာဆောင်ကို အဆောင်မှူးလုပ်ခဲ့တာ ကျွန်မပါ။ ကျွန်မအဆောင်မှူးလုပ်တဲ့အချိန်မှာပဲ ကျောင်းပိတ်သွားတဲ့အတွက် ကျောင်းသားမရှိတဲ့အဆောင်မှူးဆိုပြီး ရယ်စရာပြောလို့ရပါတယ်။ အဆောင်နဲ့ပတ်သက်တဲ့ ခံစားချက်ဟာ ဘာနဲ့မှမတူတဲ့အတွက် လူတိုင်း ဒီနေရာပြန်လာရလို့ရှိရင် စိတ်ထဲတစ်မျိုးဖြစ်သွားပြီးတော့ ကိုယ့်ရဲ့အသက်တွေဟာလည်း ပြန်ငယ်သွားတယ်။ ပြန်တမ်းတစရာတွေ အများကြီးဖြစ်ပါတယ်" ဟု အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

မာလာဆောင် ပြန်ဖွင့်တော့မည်ဆိုသည့်အခါ တစ်ချိန်က မာလာဆောင် အဆောင်သူဟောင်းများက အဆောင်၏ လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးကြသည်။ ဘုရားစင်၊ တီဗွီ၊ ရေသန့်စက်၊ ကြည့်မှန်များအပါအဝင် အသုံးအဆောင်ပစ္စည်းများကို နှစ်အလိုက် ကျောင်းသူဟောင်းများက ပါဝင်လှူဒါန်းခဲ့ကြသည်။

"အဆောင်သူဟောင်းတွေက ဒါသူနေခဲ့တဲ့အခန်း၊ အဲဒီအခန်းမှာ လိုအပ်တာတွေ၊ မှန်တွေ လှူတယ်။ နောက် အဆောင်လှေကားပေါ်က ဆင်းလာရင် သူတို့ ဘယ်နားမှာ မှန်ကြည့်တာပေ့ါ။ အဲဒီအတွက်လည်း အဲဒီနေရာမှာ မှန်လှူတာတွေရှိတယ်။ ဟိုအရင်ကအတိုင်း အတတ်နိုင်ဆုံး ပြန်လည်ပြုပြင်ထားပါတယ်။ နောက်ပိုင်းမှာ နှစ်ယောက်တစ်ခန်းထားဖို့ရှိပြီး မိန်းကလေးဆောင်ဖြစ်တဲ့အတွက် စည်းကမ်းတကျဖြစ်အောင် အဆောင်နည်းပြတွေနဲ့အတူ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ သမိုင်းတစ်လျှောက်မှာ အထင်ကရဖြစ်ခဲ့တဲ့ မာလာဆောင်လိုနေရာမျိုးမှာ အဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူရပါတယ်" ဟု ယခု မာလာဆောင် အဆောင်မှူးအဖြစ် ဆောင်ရွက်မည့် ဒေါက်တာသန်းသန်းအေး(ကထိက၊ ဝါဏိဇ္ဇဗေဒဌာန)က ပြောသည်။

မာလာဆောင်နှင့်အတူ သီရိဆောင်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ခြင်းအပြင် အခြားသော တက္ကသိုလ်အဆောင်များ၊ အမျိုးသားအဆောင်များကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရသည်။ တိတ်ဆိတ်ငြိမ်သက်ခဲ့ရသည့် သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကြီးနှင့်အတူ တက္ကသိုလ်အဆောင်များလည်း ပြန်လည်သက်ဝင်လှုပ်ရှားလာမည်ဖြစ်သည့်အတွက် တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝ ခံစားမှုအစစ်အမှန်များ ဖြစ်တည်လာမည်ဖြစ်သည်။ တိတ်ဆိတ်ခဲ့သော တက္ကသိုလ်နယ်မြေ၊ ခြောက်ကပ်ကပ် အသွားအလာနည်းခဲ့သော အဓိပတိလမ်းတို့တွင် ပြန်လည်စည်ကားလာရုံသက်သက်တော့ အရေးမကြီး။ အနာဂတ် ခေါင်းဆောင်များဖြစ်လာမည့် မျိုးဆက်သစ်ပညာတတ်လူငယ်များ ပြဌာန်းစာအုပ်ပါ ပညာသင်ကြားရခြင်းအပြင် စာပေ၊ ဂီတ အနုပညာ၊ လူမှုပေါင်းသင်းရေးအစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လှသည်မို့ လက်ဆင့်ကမ်းကောင်းမွေများ ဆက်လက်သယ်ဆောင်သွားနိုင်ရန်မှာ အရေးကြီးပါကြောင်း။ ။




**သီရိဆောင်ကို တွေ့ရစဉ်။**



**သီရိဆောင်၏ စည်းဝေးခန်းမကို တွေ့ရစဉ်။**



**မာလာဆောင်အတွင်းရှိ သန့်စင်ခန်းများကို တွေ့ရစဉ်။**



**မာလာဆောင်၏ အိပ်ဆောင်များ ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။**

## ပြည်တွင်းရေးရာ

**(ကျောဖုံးမှ**

ပြည်သူ့ဆေးရုံများတွင် မျက်စိနှင့် အထွေထွေရောဂါကုသမှု ခံယူနေကြသူများအား အားပေးစကားပြောကြားကာ မျက်စိခွဲစိတ်ပြီးလူနာများအား မျက်မှန်များ တပ်ဆင်ပေးခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မွန်းလွဲပိုင်းတွင် အမေထိန်းခန်းမ၌ကျင်းပသည့် ပညာရေးနှင့်ပရဟိတလူမှုရေး အသင်းအဖွဲ့များအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယဉ်ကျေးလိမ္မာသင်တန်းဆုများချီးမြှင့်ပြီး ပရဟိတလူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ်စုစုပေါင်း ၁၃၅ သိန်းကိုလည်းကောင်း၊ ဒေါက်တာခင်ရွှေက ပညာရေး ကျောင်းများအတွက် ဗလာစာအုပ် ဒါဇင် ၆၅၀၀ နှင့် ပျော်ဘွယ်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းအတွက် အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်းပေးအပ်လှူဒါန်းခဲ့သည်။

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့ သာသနာ့ ဗိမာန်တော်ကြီးနှင့် ရန်အောင်မြင် သာသနာ့ဗိမာန်၌ ဖွင့်လှစ်သင်ကြားနေသည့် ယဉ်ကျေးလိမ္မာသင်တန်းများသို့ သွားရောက်ကြည့်ရှု၍ အမှာစကားပြောကြားပြီး ရမည်းသင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိနှင့် အထွေထွေရောဂါကုသမှု ခံယူနေကြသူများအား အားပေးစကားပြောကြားကာ မျက်စိခွဲစိတ်ပြီး လူနာများအား မျက်မှန်များတပ်ဆင်ပေးခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ရန်အောင်မြင် သာသနာ့ဗိမာန်၌ ကျင်းပသည့် ပညာရေးနှင့်ပရဟိတလူမှုရေး အသင်းအဖွဲ့များအား အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယဉ်ကျေးလိမ္မာ သင်တန်းဆုများ ချီးမြှင့်ပြီး ခရိုင်သာသနာ့နုဂ္ဂဟ အသင်းအတွက် ငွေကျပ်သိန်း ၃၀၊ မြို့နယ်သာသနာ့ နုဂ္ဂဟအသင်း အတွက် ငွေကျပ် သိန်း ၃၀၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ် စုစုပေါင်း သိန်း ၁၈၀၊ ပညာရေးကျောင်းများအတွက် ဗလာစာအုပ်ဒါဇင် ၆၀၀၀၊ အထွေထွေရောဂါကုသရေးအတွက် ငွေကျပ် ၁၀ သိန်း၊ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းအတွက် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ ဦးဆောင်မှုဖြင့် ပျော်ဘွယ်မြို့နယ်၌ အထွေထွေရောဂါဝေဒနာရှင် ၁၄၀၀ ကျော်အား ကုသပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာနှင့် စပ်လျဉ်း၍ မျက်စိခွဲစိတ်သူ ၇၀ ကျော်နှင့် မျက်စိစမ်းသပ်ကုသသူ ၅၀၀ ခန့်အား ကုသပေးနိုင်ခဲ့သည်။ ရမည်းသင်းမြို့နယ်၌ အထွေထွေရောဂါဝေဒနာရှင် ၂၁၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာနှင့်စပ်လျဉ်း၍ မျက်စိခွဲစိတ်သူ ၂၀၀ ခန့်နှင့် မျက်စိစမ်းသပ်ကုသသူ ၁၅၀၀ ကျော်အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**● ၂၀၁၅ ရာသီမှ**

ဆုဖလား Luck ရှိခြင်းကလည်း အဓိကပါဝင်ခဲ့သည်။ ၂၀၀၉ ပြိုင်ပွဲတွင် ရောဝတီအသင်း၊ ၂၀၁၀ ပြိုင်ပွဲတွင် ဇေယျာရွှေမြေအသင်း၊ ၂၀၁၁ ပြိုင်ပွဲတွင် ရောဝတီအသင်း၊ ၂၀၁၃ ပြိုင်ပွဲတွင် နေပြည်တော်အသင်းတို့က ချန်ပီယံဖြစ်ခဲ့သည့်အသင်းများကို ဖိအားပေးနိုင်ခဲ့သော်လည်း ရာသီကုန်တွင် ဒုတိယနေရာသာ ရရှိခဲ့သည်။

အခြားအသင်းများမှာ အမှတ်ပေးချန်ပီယံဆုနှင့် ကံမစပ်ဟုဆိုရလောက်အောင်ပင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့က စိုးမိုးထားပြီး ၂၀၁၅ ရာသီတွင် ချန်ပီယံပါရာဒိုင်းပြောင်းလဲနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိ MNL အသင်းများတွင် ချန်ပီယံဆုရရှိဖူးသည့် အသင်းအဖြစ် ဟံသာဝတီ(၂၀၁၀ ရှုံး/ထွက်ချန်ပီယံ)၊ ရောဝတီ (၂၀၁၂ နှင့် ၂၀၁၄ ရှုံး/ထွက်ချန်ပီယံ)၊ ကမ္ဘောဇ(၂၀၁၃ MNL Cup ချန်ပီယံ)တို့သာ ရှိနေသည်။ လာမည့်ရာသီအတွက် ပြင်ဆင်မှုတွင်လည်း ရန်ကုန်နှင့် ရတနာပုံအသင်းတို့ကသာ ဦးဆောင်နေပြီး ပြည်တွင်း၊ ပြည်ပ ကစားသမားများစွာခေါ်ယူထားသလို ခေါ်ယူရန်လည်း ကျန်ရှိနေသေးသည့် ယင်းနှစ်သင်းမှလွဲ၍ ရောဝတီ၊ ဇေယျာရွှေမြေ၊ ကမ္ဘောဇ စသည့်အသင်းများသာ မျှော်လင့်နိုင်ပေလိမ့်မည်။

အမှတ်ပေးပြိုင်ပွဲမှာ ခရီးရှည်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်၍ နည်းပြများ၏ ပြိုင်ပွဲဗျူဟာ၊ နည်းစနစ်ပိုင်း၊ စီမံခန့်ခွဲမှုများအပြင် ကစားသမားများ၏ ခြေစွမ်းမှန်ကန်ရန်လည်း လိုပေသည်။ သို့မှသာ အောင်မြင်မှုရရှိနိုင်ပေလိမ့်မည်။ ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံအသင်းသစ်ပေါ်ထွက်နိုင်မလား(သို့) ရန်ကုန်နှင့် ရတနာပုံအသင်းတို့ နှစ်သင်းထဲကပဲ လေးကြိမ်မြောက်ရယူနိုင်မလားဆိုတာ။ ။

**သတင်း- ချစ်ကိုကို**
**ဓာတ်ပုံ- ရှိုင်းထက်ဇော်**

---



# စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် UN-OHRLLS ဒုတိယအတွင်းရေးမှူးချုပ် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

စီးပွားရေး ထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ UN-OHRLLS မှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Gyan Chandra Acharya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းတွင် ပါဝင်ခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် EVI Graduation စံနှုန်းများ ပြည့်မီနိုင်ရေးအတွက် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ EVI ဆပ်ကော်မတီအောက်တွင် အထောက်အကူပြုကော်မတီများထပ်မံဖွဲ့စည်းပြီး အဖွဲ့ဝင်များအကြား ချိတ်ဆက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ EVI ညွှန်းကိန်းများတွက်ချက်ရာတွင် နည်းစနစ် ကွဲလွဲနိုင်သည့်အတွက် UNDP မြန်မာရုံးမှ ကျွမ်းကျင်ပညာရှင်အား ဖိတ်ကြား၍ နည်းပညာအထောက်အပံ့ရရှိရေးနှင့် သင်တန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ ထို့ပြင် ညွှန်းကိန်းတွက်ချက်မှု၊ သုံးသပ်ချက်စာတမ်းရေးသားပြုစုမှုများတွင် နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူဆောင်ရွက်သွားနိုင်မည့် Technical Expert Team ကိုလည်း ဖွဲ့စည်းထားပြီဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်နှင့် ကျေးလက်၊ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ချမှတ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် LDC Criteria များဖြစ်သည့် GNI, HAI နှင့် EVI ညွှန်းကိန်းများ စံနှုန်းပြည့်မီစေရေး အထောက်အကူပြုလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr.Gyan Chandra Acharya က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို မဟာဗျူဟာမူဘောင်များချမှတ်ကာ ဆောင်ရွက်နေခြင်းသည် အရေးကြီးပါကြောင်း၊ ယင်းမဟာဗျူဟာမူဘောင်ကို ဒေသဆိုင်ရာအဆင့်မှ ကမ္ဘာလုံးဆိုင်ရာအဆင့်အထိ သိရှိသွားနိုင်ရေးအတွက် လိုအပ်သည့်အပိုင်းများတွင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း၊ မိမိတို့အနေဖြင့် EVI ညွှန်းကိန်းများတွက်ချက်ခြင်း၊ အချက်အလက်ကောက်ယူခြင်းတို့တွင် နည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကောက်ယူရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ သုံးသပ်မှုများပြုလုပ်ကာ လက်တွေ့မြေပြင်တွင် ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ကူညီပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

---

# ရန်ကုန်တက္ကသိုလ်အဆောင်များ ငွေကျပ် ငါးဘီလီယံ အကုန်ကျခံ၍ ပြုပြင်မွမ်းမံဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူအဆောင်များကို ငွေကျပ် ငါးဘီလီယံအကုန်အကျခံ၍ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ကာ အဆောင်များပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ မာလာဆောင်နှင့် သီရိဆောင်ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။




ရန်ကုန်တက္ကသိုလ်အဆောင်များကို ပြန်လည်ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိပြီး အဆောင်များတွင် ကျောင်းသား ကျောင်းသူများကို နေထိုင်ခွင့်ပေးသွားမည်ဟု သိရသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပြုပြင်မွမ်းမံပြီး၍ ဖွင့်လှစ်လိုက်ပြီဖြစ်သော စီးပွားရေးတက္ကသိုလ် ကျောင်းသူဆောင်ဖြစ်သည့် မာလာဆောင်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသူများနေထိုင်မည့် သီရိဆောင်တို့ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

“တစ်နယ်တစ်ကျေးက ကျောင်းလာတက်သူတွေ နေထိုင်ရေးအဆင်ပြေအောင် နိုင်ငံတော်အစိုးရက အထောက်အပံ့ပေးထားတာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အနေနဲ့လည်း ဒီနှစ်မှာ ငွေကျပ် ငါးဘီလီယံ အကုန်အကျခံပြီးတော့ အဆောင်တွေကို ပြုပြင်တာဖြစ်ပါတယ်။ တခြားအမျိုးသားအဆောင်တွေကိုလည်း ဆက်ဖွင့်ဦးမှာဖြစ်ပါတယ်။ အဆောင်တွေ ဖွံ့ဖြိုးရေးအတွက် အဆောင်သူဟောင်းအသင်းတွေဖြစ်စေ၊ ကျောင်းသား ကျောင်းသူမခွဲခြားဘဲ အသင်းအဖြစ် ဖွဲ့စည်းပြီး စုပေါင်းဆောင်ရွက်တာမျိုး ဝိုင်းဝန်းပံ့ပိုးပေးကြတာ၊ အလှူငွေတွေကိုလည်း လက်ခံပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့အညီ သုံးစွဲပါမယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပြောကြားခဲ့သည်။

ယင်းသို့ ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်အဆောင်များ ပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ ၂၀၁၁ ခုနှစ်ကစတင်၍ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာတွင်ဖြစ်သည်ဟု သိရသည်။ အခြေခံပညာရေးတွင် အပြောင်းအလဲများဆောင်ရွက်ခဲ့ခြင်းအပြင် အဆင့်မြင့်ပညာရေးတွင် ကျောင်းသား ကျောင်းသူများကို အဆောင်ပြန်ထားနိုင်ရန်လည်း စီစဉ်ခဲ့သည်ဟု သိရသည်။ ယင်းတွင် အဆောင်အသစ် ဆောက်လုပ်ခြင်းများအပြင် မြို့တွင်းရှိ အဆောင်များကိုလည်း ပြန်လည်ပြုပြင်မွမ်းမံ၍ ဖွင့်လှစ်ခြင်းများဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

“တက္ကသိုလ်အဆောင်တွေ ပြန်လည်ဖွင့်လှစ်လိုက်တာ ဝမ်းသာပါတယ်။ အပြင်မှာနေရတဲ့ အဆောင်စရိတ်ကကြီးမားတဲ့အတွက် ကလေးတွေအတွက် ပညာသင်ရတဲ့နေရာမှာ ခက်ခဲမှုတွေရှိပါတယ်။ အခုနောက်ပိုင်း ကလေးတွေအတွက်တော့ ဝမ်းသာစရာပါပဲ” ဟု တက္ကသိုလ်အဆောင်မှူးဟောင်းတစ်ဦးကပြောသည်။

“ကိုယ်တို့နေခဲ့တဲ့မာလာဆောင်ကြီး ပြန်ဖွင့်တော့ နောက်ကလေးတွေအတွက် ဝမ်းသာရတယ်။ အရင်က နေခဲ့တဲ့အဆောင်ကိုပြန်ရောက်တော့ ပြန်ငယ်သွားသလိုခံစားရပြီး တက္ကသိုလ်ကျောင်းသူဘဝကို ပြန်အောက်မေ့မိတယ်။ မတက်လိုက်ရတဲ့ကလေးတွေအတွက် စိတ်မကောင်းပေမယ့် အခုခေတ်ကလေးတွေအတွက်တော့ ဝမ်းသာရပါတယ်။ အခုအဆောင်နေမယ့်ကလေးတွေအတွက် လိုအပ်တာလေးတွေ ထောက်ပံ့ဖြစ်ပါတယ်” ဟု စီးပွားရေးတက္ကသိုလ်မာလာဆောင် အဆောင်သူဟောင်းတစ်ဦးကဆိုသည်။

မာလာဆောင်၊ သီရိဆောင်ပြန်လည်ဖွင့်လှစ်ခြင်းအပြင် အမျိုးသားအဆောင်များကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဝဝ၁**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**



# စစ်တွေမြို့၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ကျင်းပသော အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ရခိုင်ပြည်နယ်ရှိမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပြေးညီအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေမှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းထူးချွန်ဆုရသူများ၊ သင်တန်းဆင်းအောင်လက်မှတ်များနှင့် စစ်တွေမြို့နယ် ခေမာမဏ္ဍိုင်ကျောင်းနှင့် တောင်ပြိုလက်ဝဲမြို့နယ်ခွဲ နံသာတောင်ကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၇၀ အား ရက်သတ္တ ၁၂ ပတ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး စရိတ်နှင့် သင်တန်းသုံးပစ္စည်းများအား ထောက်ပံ့ခဲ့ကာ သင်တန်းသူများအတွက် အပ်ချုပ်စက်တစ်စုံစီကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# မြန်မာ-ဂျပန် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ ဒုတိယဥက္ကဋ္ဌ Mr. AIKYO Masanori ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌တွေ့ဆုံကြပြီး ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆွေးနွေးပွဲများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေရေးဆွဲရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်ရပါကြောင်း ရှင်းလင်းပြောကြားရာ Mr. AIKYO Masanori က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဘက်စုံတိုးတက်မှုကို ကမ္ဘာကပင်အသိအမှတ်ပြုထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတကာနှင့် ယှဉ်ကာ တိုးတက်မှုများရှိလာပါကြောင်း၊ နာဂိုယာတက္ကသိုလ်တွင် Asia Satellite Campus တိုးချဲ့ရန်ရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မိမိတို့ နာဂိုယာတက္ကသိုလ်မှ ဘွဲ့ရရှိသူများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်နေသည်ကိုသိရ၍ ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း၌ လက်တွေ့ရေးဆွဲသရုပ်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်ပန်းချီ၊ပန်းပုကျောင်း)၏ ၂၀၁၄ ပညာသင်နှစ်ပြင်ပ ပညာရှင်ကြီးများ၏ ဟောပြောပို့ချရေးနှင့် လက်တွေ့ရေးဆွဲသရုပ်ပြပွဲ အစီအစဉ်အရ ဒီဇင်ဘာ ၂ ရက်က ပြင်ပပညာရှင် ပန်းချီဆရာကြီးဦးသန်းကြွယ်(ပန်းချီ၊ ပန်းပုကျောင်းနည်းပြ ဆရာ-ငြိမ်း) က လာရောက်ဟောပြောပို့ချပြီး ကမ္ဘာအေးစေတီရှုခင်း ရေဆေးပန်းချီကားတစ်ချပ်ကို လက်တွေ့ရေးဆွဲပြသခဲ့သည်။ ပြင်ပပညာရှင် အစီအစဉ်အရ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းအုပ်ဟောင်း(၁၉၈၂-၁၉၈၅) ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းက ပန်းချီကျောင်း သမိုင်း၊ ရေဆေးပန်းချီသမိုင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး ချောင်းသာကျောက်တစ်လုံးစေတီ ရှုခင်း ရေဆေးပန်းချီကား တစ်ချပ်ကို လက်တွေ့ရေးဆွဲပြသခဲ့သည်။



ပညာပေးဟောပြောရေးဆွဲပြသအပြီး ဆရာကြီး ဦးလှတင်ထွန်းက ဒုတိယနှင့်တတိယနှစ်ကျောင်းသား ၂၆ ဦး အား Camel ရေဆေးတစ်စုံစီနှင့် ရိုနေဆန့်ရေဆေးဆွဲရန်စာအုပ်တစ်အုပ်စီ၊ ပထမနှစ်ကျောင်းသား ၁၇ ဦးအား ပုံဆွဲစာအုပ်တစ်အုပ်စီ စုစုပေါင်း သုံးသိန်းခြောက်သောင်းတန်ဖိုးရှိ ပန်းချီဆေးပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးအောင်စည်သူလှိုင်မှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရန်ကုန်မြို့တွင်း ရထားလမ်း ၃၅ မိုင် အသုံးပြုစီးနင်းနိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့တွင် ကမ်းနားလမ်းမသစ်တစ်လျှောက် ထော်လီကွေ့-ပန်းဆိုးတန်း၊ ပန်းဆိုးတန်း-ပုဇွန်တောင် ခရီးစဉ်နှစ်ပိုင်းတွင် ဒီဇင်ဘာ ၇ ရက်မှစ၍ ကားရထားတွဲဆိုင်းတစ်ဆိုင်းစီဖြင့် စတင်ပြေးဆွဲရာ စီးနင်းသူများပြားကြောင်း၊ ရပ်စခန်းများတွင် ကားရထားထွက်ခွာမည့်အချိန် ကြေညာထားပြီး အချိန်မှန်ပါက ကားရထားစီးနင်းသူများပြားလာနိုင်သည်ဟု အဆိုပါကားရထားစီးနင်းခဲ့သည့် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယနေ့ပြေးဆွဲသော ကားရထားခရီးစဉ်တွင် ပုဇွန်တောင်မှ ပန်းဆိုးတန်း (အရှေ့)ထိ သုံးမိုင်၊ ပန်းဆိုးတန်း (အနောက်) မှ ထော်လီကွေ့ထိ ၂ ဒသမ ၄၆ မိုင် စုစုပေါင်း ခရီးအရှည် ၅ ဒသမ ၄၆ မိုင်ရှိကြောင်း ထပ်မံပြေးဆွဲရန်လျာထားသည့် ထော်လီကွေ့-ပန်းလှိုင်လမ်း (မြို့ပတ်ရထားလမ်းပိုင်း) ခရီးအရှည်မှာ ၁ ဒသမ ၀၂ မိုင်ရှိရာ ရန်ကုန်မြို့ပတ်ခရီးစဉ်အရှည် ၂၉ ဒသမ ၅ မိုင်ဖြင့်ဆိုလျှင် ရန်ကုန်မြို့တွင်း ရထားစီးနင်းသွားလာနိုင်သည့် ရထားလမ်းပိုင်းအရှည်မှာ ၃၄ ဒသမ ၉၆ မိုင်ရှိလာသည်ဟု ပန်းဆိုးတန်း(အနောက်)နှင့် ထော်လီကွေ့ ရပ်စခန်းများတွင် ချိတ်ဆွဲထားသော မြေပုံ-အညွှန်းများအရသိရသည်ဟု အလုံမြို့နယ် ထော်လီကွေ့တွင် နေထိုင်သူ ဦးနိုင်ကဆိုသည်။

ရန်ကုန်မြို့တွင်း ကားလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရရာ ယာဉ်ပိတ်ဆို့မှုလျော့ကျရေး သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင်းသွားလာသူများအနေဖြင့် ကားလမ်းအပြင် ရထားလမ်းများပါ ပိုမိုအသုံးပြုလာစေရန် ရန်ကုန်မြို့တွင်း ရထားလမ်းပိုင်းများ တိုးချဲ့ ဆောင်ရွက်နေသည်ကို မြင်တွေ့ရကြောင်း၊ ယနေ့ပြေးဆွဲသည့် ကားရထားလမ်းပိုင်းအပြင် ထပ်မံတိုးချဲ့မည့် ခရီးအရှည် ၁ ဒသမ ၀၂ မိုင်ရှိ ထော်လီကွေ့-ပန်းလှိုင်လမ်းပိုင်းတွင် ထော်လီကွေ့ရှိ ကမ်းနားလမ်းမဟောင်းပေါ်တွင် သံလမ်းများ ပြန်လည်ထည့်သွင်း ခင်းကျင်းစေလိုကြောင်း၊ လှိုင်သာယာ-ပုသိမ်-ဟင်္သာတ အဝေးပြေးရထားလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းကိုပါ ချိတ်ဆွဲနိုင်ပါက ရန်ကုန်မြို့တွင်း ရထားလမ်းကွန်ရက် ကြီးမားကျယ်ပြန့်လာနိုင်ကြောင်း၊ ရထားအသုံးပြု၍ ရန်ကုန်မြို့တွင်း သွားလာမှုများပြားလာလျှင် ကားလမ်းခရီးများတွင် အထိုက်အလျောက် ယာဉ်ပိတ်ဆို့မှု အချိန်ကုန်မှုများ လျော့ကျနိုင်ကြောင်း၊ ကားလမ်းခရီးဖြင့် ရန်ကုန်မြို့တွင်း သွားလာရာတွင် နာရီနှင့်ချီ၍ကြန့်ကြာနေရာ မြို့ပြင်သွားခရီးစဉ်များဆိုလျှင် ပို၍အချိန်ပေးနေရသည့်အတွက် တိုးချဲ့ပြေးဆွဲ လာမည့်ရန်ကုန်မြို့တွင်း ရထားခရီးစဉ်များအပေါ် ပိုမိုအားထားမှုရှိလာနိုင်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းခရေလမ်းသွယ်ရှိ အဝေးပြေးရန်ကုန် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

**၉-၁၂-၂၀၁၄ (အင်္ဂါနေ့)**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၀ ကြေးမုံရိုပ်သွင်တေးနုယဉ်
၆း၅၀ "ထုထည်ကြီးမားထင်ရှား ဧကန်ဓမ္မရုံ"
၇း၄၀ "နေရောင်ခြည်ကိုအသုံးပြုကာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှာ" (အပိုင်း-၃)
၈း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်မီးအိမ်" (အပိုင်း-၁၆)
၁၀း၂၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁း၁၀ "ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ" (France)
၁၂း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "မမေ့မယ့်မိုး" (နေမင်း၊ ညွန့်ဝင်း၊ အေးမြတ်သူ) (ဒါရိုက်တာ- အောင်ဗပါဝါ)
၄း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၉)
၅း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်မီးအိမ်" (အပိုင်း-၁၇)
၆း၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၂၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း "အချိန်တိုင်း နေရာတိုင်း" (အပိုင်း-၄)










# ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရဖြစ်စေမည့် အစားအစာကျွေးမွေး



**နေပြည်တော် ဒီဇင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းရှိ ကိုယ်ဝန်ဆောင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများကို ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်စန္ဒာထွန်း၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ခင်မျိုးဌေးနှင့် အဖွဲ့ဝင်များသည် အဆိုပါအသင်းရုံး၌ ဖွင့်လှစ်ထားသော မေတ္တာစမ်းရေဆေးခန်းတွင် လာရောက်ပြသလျက်ရှိကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာထုပ်များကို ပေးအပ်ကြပြီး မွေးလူနာဆောင်ရှိ မွေးဖွားပြီးမိခင်နှင့် ကလေးများ ကျန်းမာသန်စွမ်းစေရန် အတွက် အာဟာရထုပ်များကို ဆက်လက်ပေးအပ်ကြသည်။

ထို့အတူ အဆိုပါဆေးခန်းတွင် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အာဟာရထုပ်များပေးအပ်သည့်အပြင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီဆေးခန်းမှာတော့ ကိုယ်ဝန်ဆောင်မိခင်အပြင် မွေးဖွားပြီးမိခင်နဲ့ ကလေးတွေကို အာဟာရအစားအစာ ထောက်ပံ့ပေးလာတာ တစ်နှစ်ကျော်သွားပါပြီ။ အင်္ဂါနေ့ဆို လူနာအဟောင်းတွေကို လက်ခံကြည့်ပေးပြီး တနင်္လာနေ့မှာတော့ လူနာအသစ်တွေကို လက်ခံကြည့်ပေးပါတယ်၊ ကျွန်မတို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နေရုံမျှမက ကိုယ်ဝန်ဆောင်မိခင်များနဲ့ မွေးပြီးလူနာများ ကျန်းမာရေးဗဟုသုတနဲ့ပတ်သက်လို့ ကလေးများ ဉာဏ်ရည်မြင့်မားပြီး ကျန်းမာသန်စွမ်းသည့်ကလေးများ မွေးဖွားလာနိုင်စေရန် ပညာပေးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစန်းစန်းလှိုင်က ပြောပြသည်။

ယနေ့ထောက်ပံ့ပေးအပ်ခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီးလူနာဦးရေမှာ ၈၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြို့နယ်တရားရုံးများနှင့် ရဲတပ်ဖွဲ့အချုပ်ခန်းများအား စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဒီဇင်ဘာ ၆ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မှော်ဘီမြို့နယ်တရားရုံးနှင့် တိုက်ကြီးမြို့နယ် တရားရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ တရားရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တရားသူကြီးချုပ်သည် မှော်ဘီမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းနှင့် တိုက်ကြီးမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းများသို့သွားရောက်၍ အချုပ်သား အချုပ်သူများနေထိုင်စားသောက်ရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# အရှိန်အဟုန်မြင့်မားစွာတိုးတက်နေသော ဇလွန်မြို့

**ဇလွန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်း အရှိန်အဟုန်မြင့်မားစွာတိုးတက်မှုနှင့် တစ်ပြေးညီ တိုးတက်နေသော ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၏ဘုရား၊ ကျောင်း၊ ကန်၊ လမ်း၊ တံတားများ တည်ဆောက်ပြုပြင်မှုထဲမှ ပင်မရေကာတာအနီးရှိ ဗိုလ်ချုပ်လမ်းမကြီးအား ကတ္တရာဖြည့်တင်းတည်ဆောက်ပြုပြင်နေသည်ကို တွေ့ရသည်။**(အောက်ပုံ)**

နိုင်ငံတော်၏ ကမ်းဆယ်ပေးမှုမှာလည်း အောင်မြင်နေခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားများလည်း ရေလမ်းခရီးမှ မာန်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ မကြာခဏလာရောက်ဖူးမြော်နေကြသဖြင့် ဆိပ်ကမ်းလည်းသာ လမ်းလည်းသာမှု၏ ပီတိကို ဒေသခံများ ခံစားရင်းဂုဏ်ယူနေကြသည်။

**ဇလွန်(အေးခိုင်)**



# ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



**သန်းနိုင်ဦး(ခ)ခေးမြအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၈**

အောင်လံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက်က ဇေယျဝတီရပ်ကွက်နေ သန်းနိုင်ဦး(ခ) ခေးမြ၏နေအိမ်ကို သတင်းအရ ရှာဖွေရာ အိမ်ခန်းတွင်းရှိ သံသေတ္တာအတွင်းမှ ဆေးခြောက် ၁ ဒသမ ၆၃၂၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းအားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်တပ်စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက်တွင် အမ်းမြို့နယ် ပဲပဒုံစစ်ဆေးရေးစခန်း၌ ရန်ကုန်မှစစ်တွေသို့ ယာဉ်မောင်းဇော်မင်းအောင် မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ဆေးရှာဖွေရာ ထိုင်ခုံအမှတ်(၁၄)တွင် လိုက်ပါလာသည့် ခရီးသည်ခိုင်ကျော်အေး၏ထိုင်ခုံအောက်မှ ကျောပိုးအိတ်အတွင်း စက္ကူဖြင့်ထုပ်ပိုးထားသော စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀ ကိုသိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ပဲခူးမြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် တံတား ၅၈ စင်းတည်ဆောက်

**ပဲခူး ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပဲခူးမြစ်ကူးတံတား၊ ကလိချောင်းကူးတံတားအပါအဝင် တံတားပေါင်း ၅၈ စင်းတည်ဆောက်လျက်ရှိသည်ဟု ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပဲခူးမြို့ရှောင်လမ်းက ရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၅/၁) မှာရှိတယ်။ ပဲခူးမြို့ စာကလေးကွင်းမှာ စတင်ခွဲထွက်ပြီး ကလိကျေးရွာမှာ ပြန်ဆုံတယ်။ လမ်းအရှည်က ၁၁ မိုင်နဲ့ ၃ ဖာလုံရှိတယ်။ ပဲခူးမြို့ရှောင်လမ်း လမ်းအူကြောင်းတစ်လျှောက် မိုးရာသီမှာ တောင်ကျရေရှိတဲ့အတွက် လျှိုများ၊ ချောင်းငယ်များနဲ့ တစ်နှစ်ပတ်လုံးစမ်းရေရှိတဲ့ ချောင်းငယ်များရှိတဲ့အတွက် တံတားငယ်များအပါအဝင် ပဲခူးချောင်း၊ ကလိချောင်းတို့ကိုဖြတ်မယ့် မြစ်ကူးတံတားကြီးနှစ်စင်း၊ ရေပြွန် ၃၃ ခု၊ ကွန်ကရစ်တံတားငယ် ၂၂ စင်း စုစုပေါင်း ၅၈ စင်းတည်ဆောက်နေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ပဲခူးမြို့ရှောင်လမ်းပေါ်ရှိ တံတားငယ် ၅၆ စင်းမှာ ဆောက်လုပ်ပြီးစီးသွားပြီး ကလိချောင်းကူး တံတားပေ ၂၇၀ အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပဲခူးမြစ်ကူးတံတား ပေ ၄၈၀ အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ စာရင်းများအရသိရသည်။ ပဲခူးမြို့ရှောင်လမ်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဩဂုတ်လတွင် စတင်ဖောက်လုပ်ရခြင်းမှာ ရန်ကုန်-ဘုရားကြီး ပျမ်းမျှနေ့စဉ်ယာဉ်သွားလာမှု ပမာဏမှာ စီးရေ ၁၃၀၀၀ ကျော်ရှိလာခြင်း၊ နောက်တွဲကုန်တင်ယာဉ်ကြီးများဖြတ် သန်းသွားလာမှုများပြားလာခြင်း၊ လူဦးရေထူထပ်ပြီး ယာဉ်ငယ်များကြောင့် မြို့တွင်းယာဉ်ကြောရှုပ်ထွေးလာခြင်းတို့ကြောင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောက်လုပ်ခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

ကမ္ဘာ့အကြီးဆုံးနည်းပညာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော
MCC.i
နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာသိပ္ပံဘွဲ့ကို ရရှိနိုင်ရုံသာမက
Microsoft, Oracle, SAP နည်းပညာများဖြင့်ပါ အလုပ်လုပ်နိုင်မည်
Microsoft ORACLE SAP
B.Sc (Hons) (Business IT) (ကွန်ပျူတာသိပ္ပံဘွဲ့), University of Greenwich, UK
Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 02-77930, 09-91034062, 09-402671562
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ/ကျောင်းသားများအတွက် Hostel များစီစဉ်ထားရှိပါသည်။
OPENING DATE
22 DEC 2014
Hot Line - 246634, 2304156
ပညာသင်ဆု (Scholarship) အစီအစဉ်များရှိသည့်အတွက် တစ်ပါတည်းလျှောက်ထားနိုင်ပါသည်။

# တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာဆုရ ဆရာ ဆရာမများအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

ဆရာ ဆရာမများအနေဖြင့် အလွန်အရေးပါသော တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်နေကြသည်ဟု ခံယူကြရန်လိုကြောင်း၊ မိမိတို့လက်ဝယ် အပ်နှံထားသော ကလေးတိုင်းသည် လူတစ်ယောက်အနေဖြင့် အဖိုးအနဂ္ဃထိုက်တန်ကြောင်း၊ မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးသော ဆရာ ဆရာမများသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရသူများဖြစ်သည့်အတွက် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများ အစဉ်ရှင်သန်မြင့်မားနေစေရန် လိုအပ်ပါကြောင်းဖြင့် ပဲခူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ယနေ့ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာဆုရ ဆရာ ဆရာမများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော ထူးချွန်ဆရာ ဆရာမ ၁၈ ဦးအား ဆုများအသီးသီးချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကရင်(ပဲခူး)**



ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲတာဝန်ခံ ဦးမင်းသိန်း၊ မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးအေးကျော်၊ မြို့နယ်အင်ဂျင်နီယာ ဦးအောင်မျိုးဦးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၊ လှိုင်သာယာ ပင်မခွဲရုံမှ ဝန်ထမ်းများပူးပေါင်း၍ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ဓာတ်အားလိုင်း ဟောင်းနွမ်းလိုင်းကြိုးများအား ACSR 397.5 MCM ကြိုးဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။ မင်းထက်ပိုင်(လှိုင်သာယာ)

# တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲ မူဆယ်မြို့တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

(၁၄) ကြိမ်မြောက် တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ဒီဇင်ဘာ ၁၁ ရက် မှ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲများကို ၂၀၀၁ ခုနှစ်မှစ၍ တရုတ်-မြန်မာ နယ်စပ်မြို့များ၌ နှစ်စဉ် ဒီဇင်ဘာလတွင် တစ်လှည့်စီ ကျင်းပလာခဲ့ရာ ယခုနှစ်ကုန်စည်ပြပွဲကို မြန်မာနိုင်ငံဘက်ခြမ်း မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်က (၁၃)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲကို တရုတ်နိုင်ငံဘက်အခြမ်း ကြယ်ဂေါင်မြို့တွင် ကျင်းပခဲ့သည်။ တရုတ်-မြန်မာ ကုန်သွယ်မှုမှာနှစ်စဉ်တိုးတက်လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုပမာဏမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ ကုန်သွယ်မှုပမာဏ ၆၀ ရာခိုင်နှုန်းရှိသည်။ ရွှေလီမြို့သည် တရုတ်နိုင်ငံ နယ်စပ်ဒေသများအနက် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အရေးပါဆုံးမြို့ဖြစ်သကဲ့သို့ မူဆယ်နယ်စပ်ပေါက်မှတစ်ဆင့် အရှေ့တောင်အာရှသို့ ဆက်သွယ်သွားလာရာတွင်လည်း အဓိကကျသည့်နေရာတွင် တည်ရှိသည်။

ယခုနှစ်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ပြီး မြန်မာဘက်မှ ကျောက်မျက်ရတနာ အချောထည်များ၊ သစ္စာမိုင်းကုမ္ပဏီများနှင့် ဒေသထွက်ကုန်ပစ္စည်းများ ပြသသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ မော်တော်ဆိုင်ကယ်၊ လယ်ယာသုံး စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပြသသွားမည်ဖြစ်သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုသည် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံအထိရှိခဲ့သည်။ **(အေဝမ်းစိုး)**

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ် ၁၈ စီး ထပ်မံဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့အတွင်းတွင် ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် အသံများဆူညံစေပြီး အများပြည်သူ၏ စိတ်နှလုံးကို ထိခိုက်စေသည့်အပြင် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ထိရောက်စွာအရေးယူနိုင်ရန် စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နှင့် ဒီဇင်ဘာ ၆ ရက် ညများတွင် စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ် စုစုပေါင်း ၃၄ စီးအား ဖမ်းဆီးရမိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စီမံချက်အား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်မှ အနီးကပ်ကွပ်ကဲ၍ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်အား ဦးဆောင်စေပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ အဆိုပါပူးပေါင်းအဖွဲ့သည် တတိယရက်ဖြစ်သည့် ဒီဇင်ဘာ ၇ ရက် ည ၉ နာရီမှ ဒီဇင်ဘာ ၈ ရက် နံနက် ၁ နာရီခွဲထိ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များအား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ စည်းကမ်းမဲ့မောင်းနှင်သည့် ပြိုင်ကားငါးစီး အပါအဝင် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်အမျိုးအစား မျိုးစုံ ၁၃ စီး စုစုပေါင်း ယာဉ် ၁၈ စီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင် ရှိ၊ မရှိစိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသော မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာမောင်းနှင်မှုကြောင့် အသံဆူညံစွာဖြစ်ပေါ်စေပြီး အများပြည်သူတို့၏ စိတ်တွင် အနှောင့်အယှက်ဖြစ်စေသည့်အပြင် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် စီမံချက်အား အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပြီး နေ့စဉ် ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိမိတို့၏ မော်တော်ယာဉ်များ၌ ပါဝါအိပ်ဇောများတပ်ဆင်မောင်းနှင်ခြင်းမပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်စေလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှ ဒီဇင်ဘာ ၈ ရက်က အသိပေးထုတ်ပြန်ချက်အရ သိရသည်။

**(စိုးဝင်း-MLA)**

# ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ကွင်း တောင်သူပညာပေးပြသ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃) ရပ်ကွက် တောင်သူ ဦးပေါက်စီ၏ ငွေချည်(၉) ချည်မျှင်ရှည်ဝါ စမ်းသပ်စိုက်ကွင်း ငါးဧကတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်သူများအား ပညာပေး ကွင်းသရုပ်ပြခြင်းကို နိုဝင်ဘာနောက်ဆုံးသီတင်းပတ်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က ငွေချည်(၉)ဝါ၏ အရည်အသွေးလက္ခဏာများ၊ ရေမြေဒေသကိုက်ညီမှု၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ အပင်များ၏ ပွင့်သီးဖြစ်ထွန်းမှု၊ အထွက်နှုန်းကောင်းမွန်မှုနှင့် မျိုးသန့်ပွားများထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ အတွက် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို ရှင်းလင်းဆွေးနွေး၍ ဝါစိုက်တောင်သူများအနေဖြင့် ဝင်ငွေတိုးနိုင်သည့် ငွေချည်(၉) မျိုးသန့်ဝါမျိုးများကို စိုက်ပျိုးကြရန် မှာကြားခဲ့သည်။ **(စက်မှုသီးနှံ)**

# အရှိန်မထိန်းနိုင်သော မတ်တူးယာဉ် ဝင်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ် သုံးစီး ထပ်ဆင့်တိုက်မိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၄၃/၀-၁) ကြားတွင် ဒီဇင်ဘာ ၆ ရက် နံနက် ၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ ဆုံကုန်းရပ်ကွက်နေ မျိုးမင်းဇော် (၃၆)နှစ် မောင်းနှင်လာသော 4C/----မတ်တူး အပြာရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ဦးမြင့်ဌေး(၄၈)နှစ် မောင်းနှင်သည့် 2G/--- "မန္တလာမင်း" ခရီးသည်တင်မှန်လုံယာဉ်၏ နောက်ယာဘက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့သဖြင့် "မန္တလာမင်း" ခရီးသည်တင်ယာဉ်မှ အများသုံးသန့်စင်ခန်းအနီး၊ လမ်းယာဘက်ဘေးတွင် ရပ်ထားသည့် 4D/--- "ရွှေနန်းတော်" ခရီးသည်တင်မှန်လုံယာဉ်အား ထပ်ဆင့်တိုက်မိခဲ့ပြီး 4C/---မတ်တူးယာဉ်မှာ အများသုံးသန့်စင်ခန်းရှေ့တွင် ရပ်ထားသည့် 2G/---Elite ခရီးသည်တင် မှန်လုံယာဉ်၏နောက်ပိုင်းအား ထပ်မံတိုက်မိပြီး ရပ်တန့်သွားကြောင်း သိရသည်။ ထိုသို့ တိုက်မိမှုကြောင့် ခရီးသည်တင်ယာဉ်များပေါ်တွင် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း 4C/— မတ်တူးယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ယာဉ်မောင်း မျိုးမင်းဇော်ပါ အမျိုးသားသုံးဦးတွင် ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး 4C/---မတ်တူးယာဉ်၏ ရှေ့လေကာမှန်/ဘေးမှန်များကွဲ၊ ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ နောက်ပိုင်းတွန့်ကြေ၊ "မန္တလာမင်း" ခရီးသည်တင်ယာဉ်၏ နောက်ယာဘက်ခြမ်း ပိန်ချိုင့်တွန့်ကြေ၊ "ရွှေနန်းတော်" ခရီးသည်တင်ယာဉ်၏ ယာဘက်နောက်မီး ကွဲ/ဆေးပွန်းနှင့် Elite ခရီးသည်တင်ယာဉ်၏ နောက်ဘက်ဘန်ကာပိန်ချိုင့် ပျက်စီးဆုံးရှုံးခဲ့မှုကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ မျိုးမင်းဇော်အား ပေပင်လေး အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**





# ၂၀၁၅ AFC Cup ပြိုင်ပွဲ မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ AFC Cup ပြိုင်ပွဲကို ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည်။

မြန်မာကလပ်အသင်းများသည် ယခင်က တတိယအဆင့်သာရှိသည့် AFC President's Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် အဆင့်တိုးမြှင့်ကာ ဒုတိယအဆင့်ဖြစ်သည့် AFC Cup ပြိုင်ပွဲကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ၂၀၁၅ ပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံမှ အသင်းနှစ်သင်းယှဉ်ပြိုင်ခွင့်ရရှိထားပြီး MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် MFF Cup ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲခြေစစ်ပွဲအဆင့်ကိုလည်း ယှဉ်ပြိုင်ခွင့်ရရှိထားရာ ခြေစစ်ပွဲအဆင့်သုံးဆင့်ကို ကျော်ဖြတ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခွင့်ရရှိပါက ရန်ကုန်အသင်းမှာ AFC Cup ပြိုင်ပွဲကို အစားထိုးယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။

၂၀၁၅ AFC Cup ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်မှ မေ ၂၇ ရက်အထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာကလပ်များမှာ AFC Cup ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်မှစ၍ ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ၂၀၁၂ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဧရာဝတီ၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဧရာဝတီ၊ ၂၀၁၄ ပြိုင်ပွဲတွင် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့က ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာကလပ်အသင်းများမှာ AFC Cup ပြိုင်ပွဲတွင် ကြီးကြီးမားမားအောင်မြင်မှုမရရှိသေးဘဲ အမြင့်ဆုံးအဖြစ် ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်၊ ၂၀၁၄ ပြိုင်ပွဲတွင် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့ ရှုံး/ထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ **(ရှိုင်းထက်ဇော်)**



AFC Cup ပြိုင်ပွဲဝင်မည့် ဧရာဝတီအသင်း။

## ဘောလုံးလောက သတင်းတိုများ

***စပါးအသင်းသည် ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်၊ ဂျေးရို ဒရီဂွက်ဇ်နှင့် နာပိုလီ ဗဟိုနောက်ခံကစားသမား အယ်လ်ဘီယိုးတို့အား ဇန်နဝါရီဈေးကွက်တွင် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။***

***ချယ်လ်ဆီးတိုက်စစ်မှူး ဆာလာသည် ချယ်လ်ဆီးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် မရရှိခြင်းကြောင့် ချယ်လ်ဆီးအသင်းကို စွန့်ခွာရန် ဆန္ဒရှိနေပြီး အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက ဆာလာအား အငှားစာချုပ်ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။***

***စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းမှ စပိန်ကြယ်ပွင့် ကာဇိုလာအားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။***

***ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာသည် ဂျူဗင်တပ်အသင်းမှ အီတလီနောက်ခံလူ ဘိုနျူစီအားခေါ်ယူရန် ဆန္ဒရှိနေပြီး ဇန်နဝါရီဈေးကွက်အတွင်း စာချုပ်ခေါ်ယူနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။***

***နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးသည် ချယ်လ်ဆီးအသင်း၏ တတိယဦးစားပေးဂိုးသမားဖြစ်သည့် ရှဝါဇာအား အရေးပေါ်အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။***

***ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး အဂူရိုသည် ဒဏ်ရာပြဿနာကြုံတွေ့နေရပြီး မန်စီးတီးအသင်းအနေဖြင့် ၎င်းတို့၏ အားထားရသည့် တိုက်စစ်မှူး အဂူရိုအား တစ်လထက်မကြာဘဲ အသင်းနှင့်အတူ ပြန်လည်ကစားလာနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။***

(ငွေကြယ်)

## မက်ဆီမှာ ပြိုင်ပွဲ၏ရလဒ်ကို ပြောင်းလဲစေနိုင်သူဟု ဟင်နရီကေးပြောကြား

ဘာစီလိုနာအသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်(၁၄)တွင် ဘာစီလိုနာအသင်းက အက်စ်ပန်ညိုအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီက ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး မက်ဆီသည် ပြိုင်ပွဲ၏ရလဒ်ကို ပြောင်းလဲစေနိုင်သူဖြစ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ လူးဝစ်ဟင်နရီကေးက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာဒါဘီပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်တွင် အက်စ်ပန်ညိုအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခံခဲ့ရပြီး အနိုင်ဂိုးငါးဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့ခြင်းကြောင့် ရမှတ် ၃၄ မှတ်ဖြင့် လာလီဂါအမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာမူ တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ သွင်းဂိုးများဖြင့် နိုင်ပွဲများရရှိကာ အမှတ်ပေးဇယားကို ရမှတ် ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၁ ပွဲကစားပေးခဲ့ပြီးနောက် သွင်းဂိုး ၂၉ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး မက်ဆီမှာမူ ၁၉ ပွဲတွင် သွင်းဂိုး ၂၀ သာသွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူးမက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၂၉၁ ပွဲကစားပေးခဲ့ပြီးနောက် လာလီဂါ သွင်းဂိုး ၂၅၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး မက်ဆီ၏ သွင်းဂိုးစုစုပေါင်းသည် ၄၀၂ ဂိုးအထိရှိလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မက်ဆီမှာ ပြိုင်ပွဲ၏ ရလဒ်ကို ပြောင်းလဲနိုင်သူဟု နည်းပြ ဟင်နရီကေးက မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

**(နိုင်လင်းကြည်)**




## ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ဘွန်ဒက်လီဂါအသင်းများကို ချဉ်းကပ်ကြည့်ခြင်း

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်(၅)အထိ ကစားအပြီးတွင် ဂျာမန်ဘွန်ဒက်လီဂါ အသင်းလေးသင်းအနက် အုပ်စု(C)မှ လေဗာကူဆင်၊ အုပ်စု(D)မှ ဒေါ့မွန်၊ အုပ်စု(E)မှ ဘိုင်ယန်မြူးနစ်တို့ သုံးသင်း နောက်တစ်ဆင့်တက်ခွင့်ရရှိခဲ့ပြီး အုပ်စု(G)မှ ရှော်ကေးတစ်သင်းသာ ပွဲစဉ်(၆) အုပ်စုနောက်ဆုံးပွဲကို စောင့်ကြည့်ရမည့်အနေအထားဖြစ်နေသည်။ ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် နံနက်ပိုင်းတွင် ကစားမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရှော်ကေးအသင်းနောက်တစ်ဆင့် တက်ခွင့်ရယူနိုင်မလားဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

**ဘင်ဖီကာ-လေဗာကူဆင် နံနက် ၂း၁၅(၁၀-၁၂-၂၀၁၄)**

ဘင်ဖီကာကွင်း သွားကစားရမည့် လေဗာကူဆင်တို့ အုပ်စုပထမနေရာအတွက် အားစိုက်ကစားပါလိမ့်မည်။ ပြည်တွင်းပွဲမှာ ဘိုင်ယန်မြူးနစ်နှင့် ပွဲကျပ်ကစားခဲ့ရသော်လည်း ဘင်ဖီကာကို အနိုင်ရအောင် ကစားလိမ့်မည်ဟု သုံးသပ်မိသည်။

**ဒေါ့မွန်-အန်ဒါလက်ချ် နံနက် ၂း၁၅(၁၀-၁၂-၂၀၁၄)**

လေးပွဲကစားအပြီး ၁၂ မှတ်နှင့် အုပ်စုကို ဦးဆောင်သည့် ဒေါ့မွန်အသင်း အိမ်ကွင်းမှာ အန်ဒါလက်ချ်ကို အလျှော့ပေးမှာ မဟုတ်ပါဘူး။ အောင်ပွဲခံနိုင်အောင်ကြိုးစားပြီး အုပ်စုပထမနေရာကို ဆက်လက်ရယူသွားဖွယ်ရှိနေသည်။

**ဘိုင်ယန်မြူးနစ်-CSKA မော်စကို နံနက် ၂း၁၅(၁၁-၁၂-၂၀၁၄)**

အုပ်စု ပထမနေရာရပ်တည်ခွင့်ရနေသည့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ယခုပွဲစဉ်ရလဒ်သည် အရေးမပါတော့ပါ။ မည်သည့်ရလဒ်ပင်ထွက်ပါစေ နောက်တစ်ဆင့်ကို အုပ်စုပထမနေရာက တက်ခွင့်ရမည်ဖြစ်၍ အိမ်ကွင်းမှာ သရေရလဒ်လောက်သာ ဦးတည်ယှဉ်ပြိုင်ဖို့ရှိနေသည်။

**မာရီဘော-ရှော်ကေး နံနက် ၂း၁၅(၁၁-၁၂-၂၀၁၄)**

ရှော်ကေးအသင်းအနေဖြင့် ပြည်တွင်းပြိုင်ဘက်များလို အုပ်စုအဆင့်ကို ကျော်ဖြတ်လိုပါက မာရီဘောကိုအနိုင်ရအောင် အားကုန်ထုတ်ကစားဖို့ လိုအပ်နေသည်။ သို့သော်ရှော်ကေးအသင်းအနေဖြင့် မာရီဘောကိုအနိုင်ရခဲ့လျှင်သော်မှ ချယ်လ်ဆီးကို စပို့တင်းလစ္စဘွန်းရှုံးနိမ့်ခဲ့မှသာ နောက်တစ်ဆင့်တက်ခွင့်ရမည် ဖြစ်သော်လည်း အနိုင်ရလဒ်ကိုရအောင် ကြိုးစားကြပါလိမ့်မည်။ ရှော်ကေးအသင်းကပ်ပြီး အောင်ပွဲခံသွားနိုင်ဖွယ်ရှိနေသည်။ **(ဝင်းထွဋ်ဦး)**

AYARWADDY LEGEND
IATA
TRAVELS & TOURS CO.,LTD
ဗန်ကောက်-ပတ္တရား-အာယုဒ္ဓယ
(၅ ရက်) 25 Dec / 29 Dec
(၆ ရက်) 27 Dec / 1 Jan
ချင်းမိုင်-ချင်းရိုင်
(4 ရက်)
30 Dec ~ 2 Jan
စင်ကာပူ သီးသန့်
(၄ ရက်) 26 Dec ~ 29 Dec
(၅ ရက်) 29 Dec ~ 2 Jan
စင်ကာပူ-မလေးရှား
(၇ ရက်)
28 Dec ~ 3 Jan
ဗီယက်နမ် သီးသန့်
(၆ ရက်)
25 Dec ~ 29 Dec
ဗီယက်နမ်-ကမ္ဘောဒီးယား
(၆ ရက်)
25 Dec ~ 30 Dec
ကမ္ဘောဒီးယား သီးသန့်
(၅ ရက်)
27 Dec ~ 31 Dec
သီရိလင်္ကာ- ဗန်ကောက်
(၆ ရက်)
25 Dec ~ 30 Dec
ရန်ကုန်
Tel : 01 - 252007~8, 377697, 250909
Fax : 01252007
အမှတ် (၁၀၄)၊ ၃၇-လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေး
Tel : 0940269 4848, 098600 218
Fax : 011 201243
အမှတ် (၇၆)၊ လမ်း ၃၀၊ (၇၃-၇၄) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

မော်တော်ယာဉ်ပိုင်ရှင်များဆက်သွယ်ပါရန်။
နိုင်ငံခြားသားများအတွက် လချုပ်ဖြင့် ကားအမြန်ငှားလို
Landcuriser, Prado, Pajero, Double Cab, Surf, Alphard, CRV, RAV 4, Crown, MarkII, Probox, Van, Light Truck
1300CC ကားမျိုးစုံ လချုပ်ဖြင့်အမြန်ငှားလိုသည်။
01-570 243, 0973 506 125, 0973 195 126

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

FAIR & SQUARE Travels and Tours Co.,Ltd.
'ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ' ခရစ္စမတ် အထူးအစီအစဉ်
ပြည်တွင်ခရီးစဉ် (၅) ဦးဝယ်လျှင် (၁) ဦးအခမဲ့
- အေးချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ ဒီဇင်ဘာလလေးမှာ ပုဂံဘုရားစုံဖူးရအောင် .......
- ပုဂံ (စွယ်တော်လေးဆူ)၊ ပုဂံဘုရားအစုံ၊ ပုဂံပြတိုက်၊ နေဝင်ဆည်းဆာ၊
- ညောင်ဦး ၊ ပုပ္ပါးတောင်၊ ပခုက္ကူဘုရားစုံ ၄ ည/၅ ရက် ခရီးစဉ် ဒီဇင်ဘာလ (၂၄-၂၈) ရက်
ခရစ္စမတ် အဆင့်မြင့်ခရီးစဉ် ၁၇၀,၀၀၀-ကျပ်
'ကျိုက်ထီးရိုးဘုရားခရီးစဉ် နှင့် ပြည်-ထုံးဘို-အကောက်တောင် တစ်ရက်ခရီးစဉ်'
- အပတ်စဉ် သောကြာနေ့ညတိုင်း ကျိုက်ထီးရိုး တစ်ရက်ခရီး (ရေသန့်/စနိုးတာဝါ)
- အပတ်စဉ် စနေနေ့ညတိုင်း ပြည် (ရွှေဆံတော်၊ရွှေဘုံသာမုနိ)၊ ထုံးဘို (အကောက်တောင်)၊ ရွှေတောင် (ရွှေမျက်မှန်ဘုရား)၊ ပေါင်းတည် (စွယ်တော်မြတ်) (ရေသန့်/စနိုးတာဝါ/စက်လှေခ)
တစ်ဦးလျှင် ၁၅၀၀၀-ကျပ်
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

# Fashion Euphoria (Junction Square)
# Clearance Sales(50% to 80%)

**9-12-2014** မှ **14-12-2014** အထိ

Fashion Euphoria (Junction Square) ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့် ဖဲအမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်မယ်၊ ချိဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ်အပ်ပါသည်။

**F**-၁၂၉၊ ပထမထပ်၊ **Junction Square**၊ **Ph:09-5105471**

---

**ရွှေနန်းတော်** ခရီးသွားလုပ်ငန်း
ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး (နေ့စဉ်)
Hotel, Guest House စရိတ်ငြိမ်း စီစဉ်ပေးသည်။
Ph : 09-253366299, 09-250377795, 01-377921

**ဦးအောင်ဝင်း** (ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
Dec - 20 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI
☑ အနှစ်(၂၀)အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ -01-371741, 240824, 381350

**ဗိုးမြင့်ကြယ်** ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ပုဂံ (ရွှေစည်းခုံ)၊ ပုပ္ပါး၊ ပခုက္ကူ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ
ကျိုက်ထီးရိုး နေ့စဉ် (ငြိမ်း) 35000
ချောင်းသာ နေ့စဉ် (ငြိမ်း) 40000
Dec 12,19,26 Hotel (တရိတ်ငြိမ်း) 120000
X'mas & New Year
Hotel, Guest
01-549380,09-5093704,09-450012971

**Asia Top** 0943164118,09421099574,0933377844
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေဥမင်ဂူ၊ ထမ်စမ်း Guest Package 65000
ပုဂံ (ရွှေစည်းခုံ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Guest Package 60000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000
ကျိုက်ထီးရိုး (နေ့စဉ်)/ ချောင်းသာ (နေ့စဉ်) Guest Package 35000

**မျိုး** 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**NEW WAY**
ကျိုက်ထီးရိုး (နေ့) 9000
ချောင်းသာ (နေ့စဉ်) 13000
Discount
09-73238655, 09-252312962

**NEW MOTION** TRAVELS & TOURS

| | | | | | |
|---|---|---|---|---|---|
| Japan | Dec 24 | Australia | Dec 18 | Singapore | Dec 29 |
| Korea | Dec 24 | Malaysia | Dec 28 | S'pore-Malay | Dec 27 |
| Dubai | Dec 27 | Bangkok | Dec 27,30 | Bodh Gaya | Dec 13, Feb 11,28 Mar 21, Apr 10 |
| Vietnam | Dec 29 | Hong Kong | Dec 25,28 | | |

Escape From Everyday Life
No.19, Kyun Taw Road, Sanchaung Township, Yangon 508124, 527254, 523253, 0973148933~44~55~66

**23 မဆလာ**
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

**အများသိစေရန် ကြေညာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်...

**NAY LIN AUNG** FINANCE & ACCOUNTANCY ACADEMY

**NT** Car Rental 09 73139320 01 661668
ခရီးစဉ်မျိုးစုံနှင့်လချုပ် ကားမျိုးမျိုးငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

# ACCA (UK)
Enrol Now
Part (I, II, III), Dip IFR
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊သပြေညို(၂)တိုက်၊ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
၀၁ ၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅

**iStock**® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd. www.galaxy.com.mm

**LMA** **လှိုင်မြင့်အောင်** အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်
အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း
- အရေးအကြောင်းများလျော့ပါးစေခြင်း
- အနာကျက်မြန်စေခြင်း
- သွေးလည်ပတ်မှုအားကောင်းစေခြင်း
- သွေးကြောများကြံ့ခိုင်မှုကိုကူညီထိန်းသိမ်းပေးခြင်း
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း
- လန်းဆန်းခွန်အားဖြစ်စေခြင်း
- ဆီးရွှင်ခြင်း
ISO 9001:2008 နှင့် GMP

**APEX ASIA MEDICAL CENTER**
- ကျန်းမာရေးကြိုတင်ကာကွယ်စစ်ဆေးကုသခြင်း
- အထွေထွေရောဂါအထူးကုသခြင်း
- အသည်းရောင်နှင့်အသည်းရောဂါများအထူးကုသခြင်း
- ဆီးချိုရောဂါအထူးကုသခြင်း
- သွေးဖြတ်ကျောနှုန်းနှင့် အထွေထွေပြန်လည်သန်စွမ်းရေးအထူးကုသခြင်း
- ဆီးနှင့်ကျောက်ကပ်
- မီးယပ်သားဖွား
- အထွေထွေခွဲစိတ်
- အရိုးအဆစ်နှင့်အကြော
- စိတ်ကျန်းမာရေး
- ကလေးရောဂါများ
- အာဟာရဆိုင်ရာကျန်းမာရေးတို့ကို အထူးကုသပေးခြင်း

General X-ray (Digital)
Color Doppler Ultrasound
ECG
24 hours Holter Monitoring
Point of Care Lab Tests

Office Hour (8:30am to 6:00pm except Sundays & Holidays)
No 33/2, Pyay Road, Yadanar Lane, 7 Mile, Mayangone Township, Yangon, Myanmar.
Tel : 01 662 801, 01 662 467, 09 73227 555 | 24 Hour Answering Line : 09 73227 666

# ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃ ။)**

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်**

**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

နိုင်ငံတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီကူညီစောင့်ရှောက်ခြင်းနှင့် ဆေးကုသခြင်းပြုနိုင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာ**ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကြောင့် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း လူ၏အသက်ကိုဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ထိခိုက်မှုဖြစ်စေသည့် ဒဏ်ရာရရှိသူကို ဆိုသည်။

(ခ) **အရေးပေါ်ကူညီစောင့်ရှောက်မှု** ဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အခြေအနေ ပိုမိုမဆိုးရွားစေရေးအတွက် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ မရောက်ရှိမီ ရှေးဦးသူနာပြုစုခြင်းနည်းလမ်းဖြင့်ဖြစ်စေ၊ သင့်လျော်သည့် အသက်ကယ်နည်းလမ်းဖြင့်ဖြစ်စေ ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်း ဆိုသည်မှာ အစိုးရ ဆေးရုံ သို့မဟုတ် ဆေးခန်းကို လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းကို လည်းကောင်း ဆိုသည်။

(ဃ) **ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန် တာဝန်** ဆိုသည်မှာ ဤဥပဒေ အခန်း (၂) ၌ ပြဋ္ဌာန်းထားသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန် တာဝန်များကိုဆိုသည်။

**အခန်း(၂)**

**ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကိုကူညီစောင့်ရှောက်ရန်တာဝန်**

၃။ ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦး၏ အကူအညီရယူ၍ဖြစ်စေ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးရန် တာဝန်ရှိသည်။

၄။ အရေးပေါ်ကူညီစောင့်ရှောက်မှုပေးသူသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ခြင်းမပြုမီ အောက်ပါတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) ရှေးဦးသူနာပြုစုနည်း တတ်မြောက်လျှင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုခြင်းနှင့် ရွှေ့ပြောင်းခြင်း၊

(ခ) ရှေးဦးသူနာပြုစုနည်း တတ်မြောက်ခြင်း မရှိလျှင် ဒဏ်ရာအခြေအနေနှင့်လျော်ညီသော ပြုစုစောင့်ရှောက်မှုပေးခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှ တစ်ဆင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပေးပို့ အကြောင်းကြားခြင်း။

၅။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို အရေးပေါ်ကူညီစောင့်ရှောက်မှုပေးနိုင်ခြင်းမရှိလျှင် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောလျင်စွာဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သင့်လျော်သော နည်းလမ်းဖြင့် ပို့ဆောင်ခြင်း၊

(ခ) အနီးဆုံး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် ရဲကင်းသို့ဖြစ်စေ၊ အနီးဆုံး မီးသတ်စခန်းသို့ဖြစ်စေ၊ အရေးပေါ် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များသို့ဖြစ်စေ သင့်လျော်သော နည်းလမ်းဖြင့် အကြောင်းကြားခြင်း။

၆။ ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့်ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာတွေ့ရှိကြောင်းအကြောင်းကြားချက်ကို လက်ခံရရှိလျှင် မိမိဆေးရုံ သို့မဟုတ် ဆေးခန်းတွင် ကုသနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံစွာ စီစဉ်ထားရှိခြင်း၊

(ခ) အရေးပေါ်မဟုတ်သော လူနာများထက် ဦးစားပေး၍ ကုသခြင်း၊

(ဂ) ဆေးရုံ သို့မဟုတ် ဆေးခန်း၏ အဆင့်နှင့်အညီ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကုသမှုပေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ အဆင့်မြင့်ဆေးရုံသို့ စနစ်တကျလွှဲပြောင်းပေးခြင်း၊

(ဃ) မှုခင်းနှင့် သက်ဆိုင်ပါက သက်ဆိုင်ရာ ရဲစခန်းသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊

(င) ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းဖြစ်ပါက မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာ ရရှိသော အရေးပေါ်လူနာကို လိုအပ်သော ကုသမှုများဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ အစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ဆေးမှတ်တမ်းအပြည့်အစုံဖြင့် အချိန်မီ လွှဲပြောင်းပေးခြင်း။

၇။ ရဲစခန်း သို့မဟုတ် ရဲကင်းသည် သက်ဆိုင်ရာနယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့်ပတ်သက်၍ မှုခင်းသတင်းဖြစ်စေ၊ မတော်တဆမှုသတင်းဖြစ်စေ၊ အခြားအခြေအနေ တစ်ရပ်ရပ် ဖြစ်ပွားကြောင်း သတင်းဖြစ်စေရရှိလျှင် အောက်ပါတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်ပွားသည့်နေရာသို့ အမြန်ဆုံးသွားရောက်၍ ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) အချင်းဖြစ်ပွားသည့်နေရာတွင် တွေ့ရှိသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အကြောင်းကြားခြင်းနှင့် အမြန်ရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) အချင်းဖြစ်ပွားမှု၏ ဖြစ်စဉ်ကို သိရှိနိုင်ရန် လိုအပ်သော ရဲလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ခြင်း။

၈။ မီးသတ်ဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းသည် သက်ဆိုင်ရာနယ်မြေအတွင်း ထိခိုက်ဒဏ်ရာရရှိသော လူနာနှင့်ပတ်သက်၍ မတော်တဆမှုသတင်းဖြစ်စေ၊ အခြားအခြေအနေ တစ်ရပ်ရပ်ဖြစ်ပွားကြောင်း သတင်းဖြစ်စေ ရရှိလျှင် အောက်ပါတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်နေရာသို့ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မီးငြိမ်းသတ်ယာဉ် သို့မဟုတ် လူနာတင်ယာဉ်နှင့်အတူ အမြန်ဆုံး သွားရောက်ကြည့်ရှုခြင်းနှင့် လိုအပ်သောအကူအညီများပေးခြင်း၊

(ခ) အချင်းဖြစ်နေရာ၌တွေ့ရှိသည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကိုအချိန်မီကုသနိုင်ရန် အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ကြိုတင်အကြောင်းကြားခြင်းနှင့် အမြန်ဆုံးရောက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း။

၉။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ထိခိုက်ဒဏ်ရာ ရရှိသော အရေးပေါ်လူနာနှင့်ပတ်သက်၍ သတင်းရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) အချင်းဖြစ်ပွားသည့်နေရာသို့ မိမိရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အရေးပေါ် ကူညီစောင့်ရှောက်မှုပေးနိုင်သူနှင့် လိုအပ်သော အကူအညီပေးနိုင်သူများကို ခေါ်ဆောင်၍ အမြန်ဆုံးသွားရောက်ခြင်း၊

(ခ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအတွက် လိုအပ်သော ကူညီပံ့ပိုးမှုနှင့် ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ချက်ချင်းဆောင်ရွက်ခြင်း၊

(ဂ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အကြောင်းကြားခြင်းနှင့် အမြန်ဆုံးပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) အချင်းဖြစ်ပွားမှုကို သက်ဆိုင်ရာရဲစခန်း သို့မဟုတ် ရဲကင်းသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(င) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာက စကားပြောနိုင်လျှင် သက်ဆိုင်ရာသို့ သတင်းပေးပို့နိုင်ရန် အချင်းဖြစ်ပွားရသည့် အကြောင်းရင်း၊ လိပ်စာနှင့် ယင်း၏ ပြောကြားချက်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊

(စ) အချင်းဖြစ်ပွားသည့်နေရာရှိ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် ပစ္စည်းလုံခြုံရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း။

၁၀။ မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သော်လည်းကောင်း၊ အရေးပေါ် ကူညီစောင့်ရှောက်မှုပေးသူထံ သော်လည်းကောင်း ပို့ဆောင်ရန်ဖြစ်စေ၊ အခြားလိုအပ်သော အကူအညီ ဖြစ်စေတောင်းခံပါက ကူညီရန် တာဝန်ရှိသည်။

**အခန်း(၃)**

**ပြစ်မှုနှင့်ပြစ်ဒဏ်**

၁၁။ မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကိုဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အချိန်မီသယ်ယူပို့ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေရန် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၄)**

**အထွေထွေ**

၁၂။ ဤဥပဒေပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၃။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သူ မည်သူမဆို မိမိ၏ဆောင်ရွက်မှုအတွက် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကိုလည်းကောင်း၊ အခြားသင့်လျော်သည့် အခွင့်အရေးများကိုလည်းကောင်း ခံစားခွင့်ရှိစေရမည်။

၁၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် သက်ဆိုင်သည့် သတင်းပေးပို့နိုင်သော နေရာများ၊ အရေးပေါ်ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို အများပြည်သူ အလွယ်တကူသိရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

၁၅။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ဆေးကုသမှုခံယူနိုင်ရန် အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရာ၌ ကူညီပို့ဆောင်ပေးသူသည် ယာဉ်တစ်ခုခုကို ငှားရမ်းအသုံးပြုရပါက ကျသင့်သော အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ရဲစခန်းက ကျခံရမည်။

၁၆။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ပုဒ်မ ၆ အရ လိုအပ်သည့် ကုသမှုများ ဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းသည် ဆေးမှတ်တမ်းပါ ကုသမှုအတွက် ကျသင့်သော ဆေးဝါး၊ ဆေးပစ္စည်းနှင့် နည်းပညာဆိုင်ရာ အမှန်ကုန်ကျစရိတ်ကို သက်ဆိုင်ရာမြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

၁၇။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာဆိုင်ရာ ကိစ္စရပ်သည် ရဲအရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုဖြစ်ပါက ယင်းမှုခင်းနှင့်စပ်လျဉ်း၍ ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူအား လည်းကောင်း၊ အရေးပေါ်ကူညီစောင့်ရှောက်မှု ပေးသူအားလည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန် တာဝန်ထမ်းဆောင်သူအားလည်းကောင်း စုံစမ်းစစ်ဆေးရန် လိုအပ်ပါက ယင်းတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော နည်းလမ်းဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ရန် တာဝန်ရှိသောဌာန၊ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို တည်ဆဲဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူကိုမျှ ယင်းသို့ ဆောင်ရွက်သည့်အကြောင်းကြောင့် တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ။

၂၀။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေပါ ရဲလုပ်ငန်းများအတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် ဤဥပဒေပါ ကုသမှုလုပ်ငန်းများအတွက်လည်းကောင်း လိုအပ်ပါက အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေကြယ်မင်းကုမ္ပဏီမှ ဆောင်ရွက်နေသည့် နဝင်း၊ ဇရစ်ချောင်းနှင့် ပြည်-အောင်လံဆက်သွယ်သည့် ကျောက်ချောလမ်း (၄/၀ ) မိုင် ခင်းနေခြင်းမှုအား တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေစဉ်။

**(ထွန်းအောင်လွင်)**

## သီးနှံအထွက်တိုးရေး ယူရီးယားနှင့် လက်ချာအသုံးပြုနည်း သရုပ်ပြ

**ကံမ ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကင်းကျေးရွာအုပ်စု၊ ကိုင်းခုံကျေးရွာတွင် ကုန်ကျစရိတ်နည်းပြီး သီးနှံအထွက်တိုးရေး ယူရီးယားနှင့်လက်ချာအသုံးပြုနည်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၅ ရက်က ကိုင်းခုံကျေးရွာ အောင်မြေပဲ စံပြစိုက်ခင်းအတွင်း၌ ကျင်းပခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးမင်းဇော်အောင်က ယူရီးယားနှင့် လက်ချာများ ရောစပ်ပြီး ပက်ဖျန်းပေးခြင်းဖြင့် သီးနှံအပေါ်အကျိုးသက်ရောက်မှုနှင့် ဖြစ်ထွန်းသည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူများက မရှင်းလင်းသည်များကို မေးမြန်းရာခရိုင်စိုက်ပျိုးရေးဦးစီးမှူးမှ တောင်သူများ သဘောပေါက်အောင်ပြန် လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်မျိုးစေ့ မြေအသုံးချ သီးနှံကာကွယ်ရေး တာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာ (၅)အုပ်စုမှ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တောင်သူ ၆၃ဦး ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာတွင် လူမှုရေးကိစ္စအဝဝအတွက် အသုံးပြုရန် (ဦးသောင်းလှိုင်)-ဒေါ်ပုံ အမှုထား၍ သား ဦးစိန်ငွေအောင်(ငါးမွေးမြူရေးလုပ်ငန်း-တွံတေး)-ဒေါ်လှလှနှင်း မိသားစုတို့က လေးအိမ်စုကျေးရွာရင်ခွင်သစ်နာရေးကူညီမှုအသင်းသို့ ပစ်ကပ် 8L/7317 ယာဉ်အား ပေးအပ်လှူဒါန်းစဉ်။

**(ကြေးမုံ)**

# ဧရာဝတီရှုခင်းကို ရှုခင်းသာပန်းခြံမှ အကောင်းဆုံးကြည့်ရှုခံစားနိုင်

**မန္တလေး၊ ဒီဇင်ဘာ ၈**

မန္တလေးမြို့တွင် သဘာဝအလှတရားများကို ကြည့်ရှုနိုင်စေရန်နှင့် ပြည်သူများ အပန်းဖြေနိုင်ရန် ပြည်သူ့ပန်းခြံများကိုတည်ဆောက်လျက်ရှိရာ အပန်းဖြေနိုင်ရန်စီစဉ်ပြုလုပ်ထားသောပန်းခြံများထဲတွင် မရမ်းခြံဆိပ်အနီးတွင်ရှိသော ရှုခင်းသာပန်းခြံသည် အကောင်းဆုံးနေရာတစ်ခုဖြစ်လာခဲ့သည်။

ဧရာဝတီမြစ်၏ သဘာဝအလှတရားများ၊ မြစ်အတွင်း သွားလာလှုပ်ရှားနေသော လှေ၊ သင်္ဘောတို့၏ မြင်ကွင်းများဖြင့် အပန်းဖြေနားနေရာနေရာတစ်ခုဖြစ်လာသည်။

ပန်းခြံကို လှပစွာစိုက်ပျိုးထားပြီး ဧရာဝတီမြစ်အလှရှုခင်း တောင်တန်းပြာတို့၏ အလှရှုခင်းတို့ကို ကြည့်ရှုနိုင်ရန် ခုံတန်းကလေးများပြုလုပ်ပေးထားသည်။ ကလေးငယ်များ ပျော်ရွှင်စွာဆော့ကစားနိုင်ရန်အတွက် လျှောစင်များမှအစ ပြည့်စုံအောင်ပြုလုပ်ပေးထားသည်။

ရှုခင်းသာပန်းခြံတွင် ဧရာဝတီမြစ်ကို ဖြတ်ကာတိုက်ခတ်လာသော လေနုအေးကလေးများကိုရှူရှိုက်နိုင်သည်။ မြန်မာနိုင်ငံမြောက်ဖျားပိုင်းမှ မြစ်ဖျားခံကာတောင်ဘက်ကပ္ပလီပင်လယ်ထဲအထိ စီးဆင်းရင်း မြန်မာပြည်သူ၊ ပြည်သားများအကျိုးကို သယ်ပိုးနေသော အလျား ၁၅၆၈ ကီလိုမီတာရှည်လျားသည့် ဧရာဝတီမြစ်၏အလှကို ရှုစားနိုင်သည်။

ယခုအခါ မန္တလေးမြို့တွင် (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များနှင့် အခြားရုံးပိတ်ရက်များတွင် ရှုခင်းသာပန်းခြံတွင် အနားယူအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် မြို့နေပြည်သူလူထု စိတ်ချမ်းသာရေး၊ မြို့တော်သန့်ရှင်းသာယာရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ သစ်ပင်ပန်းမန်စိမ်းလန်းစေရန်စိုက်ပျိုးမှု၊ ပြုစုထိန်းသိမ်းမှုများကို ပြုလုပ်ကာ မြို့တော်၏အလှကို ပေါ်လွင်အောင်ဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ရွှေကြက်ယက်အနီးတွင်လည်း ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



# တောင်သာမြို့နယ် ရဲတပ်ဖွဲ့ သတင်းစာ ရှင်းလင်းပွဲပြုလုပ်

**တောင်သာ၊ ဒီဇင်ဘာ ၈**

ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအတွက် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုဖြင့် ပါဝင်လာစေရန်အတွက် ရဲတပ်ဖွဲ့၏ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြောင်းလဲလာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာများမှ အကြီးကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သာမြို့နယ်အတွင်းရှိ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က တောင်သာမြို့နယ်ရဲတပ်ဖွဲ့၏ ၂၀၁၃-၂၀၁၄ခုနှစ် တောင်သာမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေ၊ ဖော်ထုတ်ဖမ်းဆီးမှုအခြေအနေများနှင့် မှုခင်းကြိုတင်ကာကွယ်ရေးတွင် အများပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်လင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခေတ်စနစ်နှင့်အညီ လျင်မြန်စွာပြောင်းလဲလျက်ရှိသလို မှုခင်းများကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြည်သူများအနေဖြင့် ရာဇဝတ်ပြစ်မှု ကျူးလွန်သူများ၊ မသင်္ကာဖွယ်ရာအကြောင်းအရာများကို ရဲတပ်ဖွဲ့နှင့်အချိန်မီသတင်းပေးပို့ခြင်းဖြင့် အလျင်အမြန်အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ ၏အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ဒီဇင်ဘာလမ်းလျှောက်ပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သာစည်၊ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့မှ မင်းလှကန်အထိ ဒီဇင်ဘာ အားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဆောင်ရွက်ခဲ့ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် လူထုလမ်းလျှောက်ပွဲဆင်နွှဲသူများက သာစည်မြို့နယ် ရွာကြီးကျေးရွာရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်ဘုရားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

# လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာ ကာကွယ်ရေး ဟောပြောပွဲပြုလုပ်

**ဆော၊ ဒီဇင်ဘာ ၈**

လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာ အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိကြစေရန် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၈ ရက်က ဂန့်ဂေါခရိုင် ဆောမြို့ ဒက္ခိဏာရာမကျောင်းတိုက်အနီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့်က အမှာစကားပြောကြား၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအုပ်ကြည်ကြည်ဌေးက လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်ခင်မြင့်က အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရေး၊ ခရိုင်ဥပဒေအရာရှိ ဦးဘိုဆန်းက အကြမ်းဖက်မှုဆိုင်ရာ ဥပဒေအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် အဆိုပါအဖွဲ့သည် တက်ရောက်လာကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံများ၊ ရင်ထိုးတံဆိပ်များ၊ အိုင်အိုဒင်းဆား၊ ဆပ်ပြာမှုန့်တို့နှင့် ယင်လုံအိမ်သာသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၆၅)**

# အင်းတော်မြို့ စစ်မှုထမ်းဟောင်းပင်စင်စားများ ငွေစု၊ ငွေချေး သမဝါယမ အစည်းအဝေးပြုလုပ်

**အင်းတော်၊ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အင်းတော်မြို့ စစ်မှုထမ်းဟောင်းပင်စင်စားငွေစု၊ ငွေချေးသမဝါယမအသင်း (လီမိတက်) အစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့ စစ်မှုထမ်းဟောင်းရုံးတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အစည်းအဝေးတွင်ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင် (စစ်မှုထမ်းဟောင်း)က သဘာပတိအဖြစ်ဦးဆောင်ကာ ဦးကြည်ဌေး(စစ်မှုထမ်းဟောင်း)က အဖွင့်အမှာစကားပြောကြားပြီး အင်းတော်မြို့ သမဝါယမဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရှိန်နှင့် ငွေစု၊ ငွေချေးသမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းတို့က အသင်းကြီး၏ ရည်ရွယ်ချက်၊ စည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏သိလိုသည့် မေးမြန်းမှုများကို သမဝါယမဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က ပြန်လည်ဖြေကြားပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ငွေစု၊ ငွေချေး သမဝါယမအသင်းသည် အစုရှယ်ယာတစ်ခုလျှင်၅၀၀၀၀ ကျပ်၊ အတိုးနှုန်း ၁ ကျပ်ပြား ၅၀ နှုန်း သတ်မှတ်ထားပြီး ယင်းနေ့က အသင်းဝင်များအားပထမအကြိမ် ငွေစု၊ ငွေချေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ငွေစု၊ ငွေချေး သမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်း၊ ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင် (စစ်မှုထမ်းဟောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်း(စစ်မှုထမ်းဟောင်း)၊ ဒါရိုက်တာအတွင်းရေးမှူး ဦးကြည်ဌေး(စစ်မှုထမ်းဟောင်း)၊ ဒါရိုက်တာအဖွဲ့ဝင် ဦးခင်မောင်ဦး (စစ်မှုထမ်းဟောင်း)၊ အင်းတော်မြို့နယ်သမဦးစီး ဦးမြင့်အောင်(မန်နေဂျာ)၊ သမဝါယမ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရှိန်၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌဦးညွန့်သန်းနှင့် သမဝါယမဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအသင်းဝင် ၇၀ တို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

**၆၈၅**

ပေါ်မြူလာစတား Travel & Services ပြည်တွင်းခရီးစဉ်
တောင်ကြီး - အင်းလေးခရီးစဉ် - Dec 24, Dec 26, Jan 1
မန္တလေး - ပြင်ဦးလွင်ခရီးစဉ် - Dec 24, Jan 1
(မန္တလေး - မင်းကွန်း - ပြင်ဦးလွင် - စစ်ကိုင်း)
Scania Bus , 3 Star Hotel , Restaurants
၄ည/၅ရက် ၁.၃သိန်း
(စရန်ငွေချေးဦးရာလူစနစ်) (Door to Door ဝန်ဆောင်မှု) (၁၀ဦးပြည့်လျှင် ၁ဦးအခမဲ့)
အမှတ်(၇၄)၊ ပထမထပ်၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01 2301866, 09-5129134, 09975512549, 09799676523

၁၀ - ကြိမ်မြောက် ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware
ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ
Basic English Level I, II, English 4 Skills, IELTS(Preparation Course)
Grammar Foundation, English for Business
၁၀ - ကြိမ်မြောက် ပညာဒါန အခမဲ့ စက်ချုပ်သင်တန်းများ
၁၉ - ၁ - ၂၀၁၅ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။
သင်တန်းတည်နေရာ
ကျိုက်လိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော အဖွားများသုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉၂၅၀၉၂၀၉၁၅၃၊ ၀၉၂၅၀၉၂၀၉၁၅၄၊ ၀၉ ၇၃၁၃၇၅၃၂

✓ တိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ- ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဓက(တနယ်ဝင်း) ၀၂၂/၀၃၁၃
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D. (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅ ၊ ၀၁ ၃၉၂၅၉၄

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၄၄၈/က၊ မြေကွက်တည်နေရာအမှတ်(၄၄၈/က)၊ အနော်မာအနောက်(၁၀)လမ်း၊ (၁)ရပ်ကွက် ဒေါ်ဒေါင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်စကီနာဘီမှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်(၂၉)ဖြင့် ဒေါ်ဒေါင်းအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၉၀ အမိန့်တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်တင်မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းရေးရာ

# တာပွန်စည်ပင်ဈေး ဆိုင်ခန်းများ သက်ဆိုင်ရာမှ တည်ဆောက်ပေးရန် ဈေးသူ၊ ဈေးသားများလိုလားနေ

**နတ်တလင်း၊ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်စည်ပင်သာယာရေးဈေးရှိ ဆိုင်ခန်းများသည် ၂၀၁၂ ခုနှစ်က ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော ဝါးတဲဈေးဆိုင်ခန်းများဖြစ်၍ ယိုင်နဲ့နေပြီဖြစ်သောကြောင့် သက်ဆိုင်ရာမှတာဝန်ယူ၍ ပြန်လည်တည်ဆောက်ပေးစေလိုကြောင်း ဈေးသူ၊ ဈေးသားများက ပြောသည်။

"ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလည်းနေချိန်မှာမညီမညာ ယိုင်နဲ့နေတဲ့ ဝါးတဲဈေးဆိုင်များမှာ သပ်ရပ်မှုလဲမရှိ၊ မီးကိုအသုံးပြုပြီးရောင်းချနေတဲ့ ထမင်းသုပ်၊ မုန့်ဟင်းခါးရောင်းတဲ့ ဆိုင်တွေလည်းရှိနေတော့ ခုလို ပွင့်လင်းရာသီမှာ မီးဘေးအန္တရာယ်လည်း စိုးရိမ်နေရပါတယ်။ ကိုယ့်ဆိုင်ကိုယ် ဆောက်ကြဆိုတော့လည်း အဆင်ပြေတဲ့ဈေးသည်ရှိသလို အဆင်မပြေတဲ့ ဈေးသည်တွေလည်း ရှိနေပါတယ်။ အားလုံးတစ်ပြေးညီ ဖြစ်သွားအောင် ကျွန်တော်တို့ ဈေးသည်တွေရဲ့ ဆန္ဒကတော့ သက်ဆိုင်ရာဌာနကနေပြီး ကောင်းမွန်ခိုင်ခံ့တဲ့ သစ်သားတိုင်၊ သွပ်မိုးဈေးဆိုင်ခန်းများကို သင့်တော်တဲ့ နှုန်းထားနဲ့ ဆောက်လုပ်ပြီး ရောင်းချပေးစေချင်တယ်" ဟု ယင်းဈေးတွင်ရောင်းချနေသော ဈေးသည်တစ်ဦးကပြောသည်။

ယင်းဈေးတွင် ရောင်းချနေသော ဈေးသည်များသည် စည်ပင်မှ ကောက်ခံသော အခွန်အခများကိုလည်းပေးဆောင်၍ ဈေးရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။ **(ဝ၇၁)**

# ဘီးလင်းမြို့တွင် ကျေးလက်တံတား ခုနစ်စင်း တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်

**ဘီးလင်း၊ ဒီဇင်ဘာ ၈**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သထုံခရိုင် ဘီးလင်းမြို့နယ် သပြေနီကျေးရွာနှင့် ဖိုးဝါးသိမ်ကျေးရွာချင်းဆက်လမ်းပေါ်တွင် လိုအပ်နေသော ရေပြွန်တံတားငယ် ခုနစ်စင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၅ ဒသမ ၇၅ သန်းဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၄ ရက်က ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမြင့်နိုင်ဦးသည် တင်ဒါအောင်မြင်သောရဲထွန်းကုမ္ပဏီမှ လုပ်ငန်းတာဝန်ခံများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ တံတားများဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တံတားများသတ်မှတ်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ငွေချည်(၉)မျိုးသန့်ချည်မျှင်ရှည်ဝါမျိုး တောင်သူများနှစ်သက်

**ဒီပဲယင်း၊ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၂၀၁၄-၁၅ ခုနှစ် မိုးနှောင်းရာသီ ငွေချည်( ၉ )ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ပတ်သက်၍ ဝါစိုက်တောင်သူများအား မျိုးသန့်ပညာပေးလုပ်ငန်းနှင့် စိုက်နည်းစနစ်လက်တွေ့သရုပ်ပြခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက စိုင်ပြင်ကျေးရွာ တောင်သူဒေါ်ခင်ရှိန်၏ စံပြကွက်ဝါစိုက်ခင်းတွင် ပြုလုပ်ပြီး ရွှေဘိုခရိုင်ဦးစီးမှူး ဦးမြင့်လှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိကျေးရွာများမှ ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ငွေချည်(၉)ချည်မျှင်ရှည်ဝါမျိုးသည် ဖျက်ပိုးများဖြစ်သော စုတ်ပိုး ၊ သီးလုံးဖောက်ပိုးနှစ်မျိုးလုံးကို အခြားဝါမျိုးများထက် ပိုမိုဒဏ်ခံနိုင်ရည်ရှိပြီး ဆေးဖျန်းစရိတ်သက်သာခြင်း၊ ဆစ်ကြားတိုသီးလုံးစိပ်၊ တစ်ဧကအပင်ရေ ပိုမိုဝင်ဆံ့ပြီး တစ်ဧကပိဿာ ၁၀၀၀ နှင့် အထက်အမှန်ထွက်ရှိသည်ကို မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာက လက်တွေ့ရှင်းလင်းပြသခဲ့ရာ တောင်သူဝင်ငွေတိုးပြီး တွက်ခြေကိုက်သဖြင့် ပိုမိုစိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်လင်း(ပြန်/ဆက်)**



# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား သန်လျင်၌ ကျင်းပ

**ရန်ကုန်၊ ဒီဇင်ဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမာလာစိုးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ကေသီခိုင်၊ သန်လျင်မြို့အထွေထွေဆေးရုံအုပ်ကြီးဒေါက်တာချိုချိုလွင်တို့က ဆုများပေးအပ်ချီးမြှင့်ပြီး အထိမ်းအမှတ် ပြခန်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# ထိုင်ဝမ်ပြောင်းဖူး စီးပွားဖြစ်စိုက်ပျိုးသူများဈေးကောင်းရရှိ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၈**

မိတ္ထီလာမြို့နယ် လျှော်ဖြူကန်ကျေးရွာအုပ်စု သာစည်ကျေးရွာ ဒေသခံတောင်သူတစ်ချို့သည် ပဲစင်းငုံ၊ ကုလားပဲ၊ နှမ်းစသည့် ကိုင်းသီးနှံများအပြင် ထိုင်ဝမ်ပြောင်းဖူးအား စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ပြောင်းသီးနှံထွက်ရှိချိန် ရောင်းချရာတွင် ဈေးကောင်းရသဖြင့် လူမှုစီးပွားဘဝ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ထိုင်ဝမ်ပြောင်းဖူးကို လွန်ခဲ့တဲ့သုံးလလောက်က စတင်စိုက်ပျိုးတာ အခုဆို သီးနှံအောင်မြင်ပြီးတော့ ၁၀ ဖူးကို ကျပ် ၁၀၀၀ ပေးပြီး ပွဲစားက စိုက်ခင်းအရောက်လာဝယ်တယ်။ ၁၀ ဖူး ကျပ် ၁၀၀၀ ဆိုတော့ တစ်ဖူးကို ကျပ် ၁၀၀ အထိပေးတာမို့ ဈေးကောင်းတယ် ပြောလို့ရတယ်။ အရင်နှစ်တွေတုန်းက တစ်ဖူးကို ၇၅ ကျပ် ၈၀ ကျပ်ပဲ ဈေးရတယ်။ ထိုင်ဝမ်ပြောင်းဖူးမျိုးက အတုလည်း ရှိတယ်။ ကျပ် ၁၂၀၀၀ လောက်ပေးဝယ်တဲ့ မျိုးကမှ အခုလိုသီးနှံထွက်ချိန်မှာ အဖူးလှပြီးထွားတာမို့ အဲဒီမျိုးကောင်းပဲဝယ်ပြီး စိုက်တာဗျ" ဟု သာစည်ကျေးရွာ ကွင်းအမှတ် ၆၀၃ တွင် ထိုင်ဝမ်ပြောင်းဖူးအား စိုက်ပျိုးသူတောင်သူဦးစန်းဝင်းက ပြောသည်။

ထိုင်ဝမ်ပြောင်းဖူးအား စက်ရေတွင်းတူးပြီး စိုက်ပျိုးပါက ယခုထက်ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်ပြီး စိုက်ပျိုးရက်မှာလည်း သုံးလအထိ စိုက်ပျိုးရန်မလိုအပ်ဘဲ နှစ်လကျော်ခန့်ဖြင့် သီးနှံထွက်ရှိနိုင်သည်။

ထိုင်ဝမ်ပြောင်းဖူးမျိုးအား စိုက်ပျိုးရန် အရင်းအနှီးလိုအပ်ပါက ပွဲစား(ဝယ်လက်)မှ အတိုးမဲ့ထုတ်ချေးမည်ဖြစ်ကာ သီးနှံပေါ်က ယင်းထံ၌ပင် ပေါက်ဈေးအတိုင်း ရောင်းချရန်အဆိုပြုရသည်အထိ ဈေးကွက်ဝယ်လိုအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**


HND
HIGHER NATIONAL DIPLOMA
umg college
edexcel Approved Centre No 93851

တက္ကသိုလ်ဝင်တန်း၊ IGCSE / GCE O-Level အောင်မြင်ပြီးသူများနှင့်တက္ကသိုလ်ပထမနှစ်ကျောင်းသားများသည်
Foundation Course မှစတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့်အခြားဘွဲ့ရများသည်
ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။

ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများဦးစီးသင်ကြားသော

UMG College မှဖွင့်လှစ်သည့် HND အင်ဂျင်နီယာသင်တန်းများ

Volvo, Hitachi, Furukawa နှင့် Kawasaki စသည့် Internationalကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ edexcel ပညာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းဖွင့်လှစ်သည်။

- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)

UK, Australia, Singapore အစရှိသော နိုင်ငံတကာ တက္ကသိုလ်များတွင် Top-up Course များကို ဆက်လက်တက်ရောက်နိုင်ပြီး B.E (သို့) B.Sc (Hons) Engineering ဘွဲ့ကို ရယူနိုင်မည်။

www.facebook.com/umgcollege
www.umgcollege.com



UMG College - ယခင်သီရိမင်္ဂလာဈေး၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09 8631823, 09 73036488,09 730 25440, 01 215678~9, 01-2301580~1 (Ext 216, 219)


### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ငွေငွေရီ[၁၂/မဘန(နိုင်)၀၂၁၆၃၁]၏ သားဖြစ်သူ မောင်မင်းဆက်ဟန်[၁၂/မဘန(နိုင်)၁၂၁၂၉၈]သည် မိဘစကားနားမထောင်ဘဲ မိမိသဘောအလျောက် နေအိမ် မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေငွေရီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်မျိုးအောင် [MTNT -၀၃၁၁၆၉]သည် မိဘများ၏ ဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စ အဝဝကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဖခင် မူဟာမက်အီနုစ်(ခ)ဦးအေးမောင်၊ မိခင် ဒေါ်စန်းစန်းလွင်**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သန်းသန်းရှိန်[၁၂/ဆကန(နိုင်)၀၀၀၉၆၂]၏ သားဖြစ်သူ မောင်ပြည့်ဖြိုးကျော် [၁၂/သဃက(နိုင်)၁၉၀၆၃၇]သည် မိခင်၏ဆုံးမစကားကို မလိုက်နာဘဲ နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **မိခင်ဒေါ်သန်းသန်းရှိန် [၁၂/ဆကန(နိုင်)၀၀၀၉၆၂]**

# ကြာအင်း ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၈**

မိတ္ထီလာမြို့နယ် ကျွဲတလင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌဦးဖြိုးရွှေနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်တို့က အမှာစကားပြောကြားပြီး ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းပြခဲ့သည်။

အဆိုပါ ကြာအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာရှိအိမ်ခြေ ၁၃၀ ကျော်မှ တစ်အိမ်လျှင် ကျပ်နှစ်သိန်းခုနစ်သောင်းနှုန်းဖြင့် ကျပ်သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ၁၁ ကေဗွီ ၂၀၀ ဗို့အား ထရန်စဖော်မာတစ်လုံး ဝယ်ယူရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး စတင်ဆောင်ရွက်ခဲ့သည်။

ယခုအခါတွင် အိမ်ခြေ ၆၀ ကျော်အား မီတာများ တပ်ဆင်ပြီးစီး၍ ကျန်ရှိသည့်အိမ်များအား မီးလင်းနိုင်ရန်အတွက် ကျေးရွာမီးလင်းရေးကော်မတီမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးအတွက် အလှူငွေများ မတည်ပေးခဲ့သူများမှာ ဦးသန်းစိုး-ဒေါ်ခင်မျိုးအောင်တို့ဖြစ်ကြောင်း သိရသည်။ **ခရိုင်/မြန်ဆက်**

# မိတ္ထီလာမြို့နယ် ခရိုင်တရားရုံးအတွင်းရှိစာရေးဝန်ထမ်းများ လုပ်ငန်းအရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်

**မိတ္ထီလာ၊ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၏ စာရေးဝန်ထမ်းများ လုပ်ငန်းအရည်အသွေးမြှင့်သင်တန်းကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ခရိုင်တရားသူကြီးရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်တရားသူကြီး ဦးဇော်ထူးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ လမ်းညွှန်မှုဖြင့် ခရိုင်နှင့်မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသော စာရေးဝန်ထမ်းများ၏ လုပ်ငန်းအရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းများကိုလည်း သိရှိလိုက်နာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် အမှုတွေကို စစ်ဆေးကြသည့် တရားသူကြီး၊ တရားရုံးဦးစီးလုပ်ငန်းဖြစ်ကြသည့် စီမံခန့်ခွဲမှုကိစ္စ၊ ငွေစာရင်းကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စတို့ကို ဆောင်ရွက်ကြသည့် တရားရေးဝန်ထမ်းများသည် တက်ညီလက်ညီနဲ့ မိမိတို့ပေးအပ်သည့် တာဝန်တွေကို ကျေကျေပွန်ပွန် စေတနာထားပြီး မှန်မှန်ကန်ကန်နဲ့ ဥပဒေ၊ နည်းဥပဒေ၊ လက်စွဲ၊ ညွှန်ကြားချက်၊ ဝန်းထမ်းစည်းကမ်းတွေကို လိုက်နာပြီး တရားစီရင်ရေး ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားကို မိတ္ထီလာခရိုင်တရားရုံးဝန်ထမ်းများနှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များက မြို့နယ်တရားသူကြီးများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ခန့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ရမည်းသင်းမြို့စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ မြို့နယ်အတွင်းလမ်းများ ဖောက်လုပ်၍လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရမည်းသင်း၊ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ရမည်းသင်းမြို့နယ်အတွင်းရှိ လမ်းများကို မြေသားလမ်းဖောက်လုပ်ခြင်း၊ ဂျင်းကျောက်ခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း အစရှိသော လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဆောင်ရွက်မည့် လုပ်ငန်းများမှာ မြို့ပြတံတား(အသစ်တည်ဆောက်)၊ သုဓမ္မာလမ်းတိုးချဲ့ ကတ္တရာခင်းခြင်း စည်ပင်သာယာလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အုန်းပင်ကျောက်ချောလမ်း ကတ္တရာခင်းခြင်း၊ စည်ပင်သာယာ လမ်းသွယ် ကျောက်ချောခင်းခြင်း၊ လက်ပံကုန်း-သာစည် မြေသားလမ်းဖောက်လုပ်ခြင်း၊ အင်တောလေး-သစ္စေး-လက်ပံတောမြေသားလမ်း ဖောက်လုပ်ခြင်းနှင့် ဂျင်းခင်းခြင်း၊ တောင်ကန်ကြီးကျေးရွာ မြေသားလမ်းဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများမှာ မြို့ပြတံတား (အသစ်တည်ဆောက်) သစ္စာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တောင်ငူတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှိုက်ကျင်းအဝင်လမ်း ဂျင်းကျောက်ခင်းခြင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဟု သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

# နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကျောက်တံခါး၊ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး ခေတ္တမြို့နယ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းအောင်၊ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းကြည်နှင့် ရုံးဝန်ထမ်းများသည် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ်၊ ကြာအင်းကုန်းကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းတွင် မိုးပွင့် အဆင့် (၇) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၂၀၀ ကျော်တို့အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းကုန်ကျစရိတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးခင်မောင်ဆွေက ကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။

“နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်ဆုံးရအောင် ဆောင်ရွက်ပေးတဲ့အတွက် လ. ဝ. က ဌာနမှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါတယ်”ဟု ရပ်မိ ရပ်ဖဦးမောင်မြင့်ကပြောသည်။ **ခင်ကို(ကျောက်တံခါး)**

ရာပြည့်® အမှတ်တံဆိပ်
ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်
ကြက်လည်ဆံလက်ဖက်ခြောက် ရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို စံစားရင်း ဆီးချိုရောဂါ။ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း သွေးတိုးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ လန်းဆန်းစွမ်းအား ဖြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းရောဂါများ မဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။
" ကြက်လည်ဆံလက်ဖက်ခြောက်၊ အဖန်ရည်အမြဲသောက်ပါက .... ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ ဖွန့်အမှူ၊ အဝေးရောက်ပေလိမ့်
အကြိမ်ကြိမ်သောက်အလောက် ကောင်းတဲ့ရည် (ရေ) .. "
ပင်ရင်း-ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com
ခြံအမှတ် ၃၄ ဘီ+၂ ကျောက်ကုန်းလမ်း၊ ၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၃ ၅၇၀၅၃၊ ၀၉ ၂၅၉၂ ၈၆၅၂၅၊ ၀၉ ၂၅၉၂၈၆၅၂၈
ဖြန့်ချိရေး - ကိုဝင်းမြင့် + မအေးသီ (ကမ်းနားလမ်းနှင့်၁၅လမ်းထိပ်၊ရန်ကုန်မြို့) ဖုန်း ၀၁-၂၂၆၃၈၂ ထူးသစ္စာဆေးဆိုင် (မော်လမြိုင်) ၀၉ ၅၁၀၀ ၂၅၉။ရှိုင်းသော‌နေရာများ Super One (ကျိုက္ကဆံ) ဝမုန်းပွင့် (ဝမုန်းပွင့်ကုန်တိုက်များ) Myanmar Big Shops Super Mart

အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။
လမ်းလျှောက်ပါ ဆဒ္ဒန်ဓါတ် သောက်ပါ
ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝက(စာနယ်ဇင်း)၁၄၀/၀၁၁၁၄

## ရေးတွင်လူထုလမ်းလျှောက်ပွဲနှင့်အားကစားပွဲပြုလုပ်

**ရေး၊ ဒီဇင်ဘာ ၈**

ရေးမြို့နယ် အား/ကာကော်မတီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲနှင့် အပျော်တမ်းအားကစားပြိုင်ပွဲကို ရေးမြို့နယ်တွင် ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီမှ နံနက် ၇ နာရီအထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုရပ်အဖြစ်ရေးမြို့ တပွလင်နှစ်ဆူဘုရားရှေ့မှစတင်၍ ဗိုလ်ချုပ်လမ်းမှတစ်ဆင့် ပင်လုံလမ်းနှင့် ရာဇဓိရာဇ်လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ပြီး မြို့နယ်အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြုလုပ်၍ အားကစားပြိုင်ပွဲများ ပြုလုပ်ကာ ဆုရရှိသူများအား ဆုများကို အသီးသီးချီးမြှင့်ပေးသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မတီ ၄ ရပ် အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထု စုစုပေါင်းအင်အား ၁၂၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**ထွန်းထွန်း(ရေး)**

## လက်ပံတန်းမြို့နယ် အ.ထ.က(ခွဲ) မြို့မတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**လက်ပံတန်း၊ ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ် ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မတွင် နိုဝင်ဘာ ၂၉ ရက်က အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ကျောင်းသား၊ ကျောင်းသူများအား မိုးပွင့်အဆင့် (၇) စီမံချက်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူများအား ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တွဲဖက်တိုင်းဒေသကြီး ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် လ. ဝ. က ဦးစီးဌာနမှူးတို့က မှတ်ပုံတင်များပေးအပ်ခဲ့ကြသည်။ **ပဲခူးတိုင်းအနောက်ပိုင်း လ.ဝ.က**

# မလှိုင်မြို့နယ်အတွင်းရှိ အရှည်ပေ ၄၀၀ ရှိသစ်သားတံတားအား ငွေကျပ်သန်း ၈၀ အကုန်ကျခံကာ ပြန်လည်တည်ဆောက်မည်

**မလှိုင်၊ ဒီဇင်ဘာ ၈**



မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ ကျေးရွာချင်းဆက် လမ်းပေါ်ရှိ အရှည်ပေ ၄၀၀ ရှိ ရွှေစုခင်သစ်သားတံတားကို ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၀ ဖြင့်အပြီး တည်ဆောက်သွားမည်ဖြစ်ရာ ယင်းတံတား အကျယ်မှာ ၁၄ ပေ ဖြစ်ကြောင်းသိရသည်။

ယင်းတံတားဆောက်လုပ်ရန် တင်ဒါအောင်မြင်ခဲ့သော ထွန်းတောက်ရောင်နီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်နေရာအား ဒီဇင်ဘာ ၄ ရက်က မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ် ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) တို့ပါဝင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ် ဦးစီးအရာရှိ(နည်းပညာ)နှင့် ကုမ္ပဏီတာဝန်ခံတို့မှ လုပ်ကိုင်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

တံတားပေါ်သို့ ယခင်က လှည်းများ၊ မော်တော်ကားများ ဖြတ်သန်းနိုင်ခြင်းမရှိသဖြင့် ဒေသထွက်ကုန်သီးနှံများကို မြို့ပေါ်ရောက်အောင် ကွေ့ပတ်သွားလာခဲ့ရသည်။ ယခုအခါ၊ အဆိုပါ တံတားကြီး ပြုပြင်တည်ဆောက်ပြီးစီးသွားပါက ဒေသထွက်ကုန်သီးနှံများကို မြို့ပေါ်သို့ အလွယ်တကူ သယ်ယူရောင်းချနိုင်ပြီဖြစ်၍ ဒေသခံပြည်သူတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ကောင်းမွန်ရေး၊ ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေးတို့အတွက် ဘဏ္ဍာနှစ်အလိုက် တင်ဒါများခေါ်ယူ၍ ဆောင်ရွက်ခဲ့သည်။

**အောင်ဌေး(မလှိုင်)**

# ခုခံအားကျဆင်းရေး ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း မြန်မာနိုင်ငံတွင် လျော့ကျ

**ရွှေဘို၊ ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံတွင် အသက်(၁၅)နှစ်မှ(၄၉)နှစ်အတွင်း HIV ပိုး ကူးစက်ဖြစ်ပွားမှုနှုန်းမှာ တွက်ချက်မှုများအရ ၂၀၀၄ ခုနှစ်အတွင်း ၁ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်း ၂၀၀၉ ခုနှစ်တွင် ၀ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၀ ဒသမ ၅၃ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၀ ဒသမ ၄၇ ရာခိုင်နှုန်းဖြစ်သောကြောင့် ရောဂါဖြစ်ပွားမှုရာခိုင်နှုန်း တဖြည်းဖြည်းကျဆင်းလာကြောင်း ဒီဇင်ဘာ ၄ ရက်နံနက် ၉ နာရီက ရွှေဘိုမြို့ ရွှေနိုင်ငံခန်းမ၌ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားမှ သိရသည်။

ယင်းအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးထူးလွင်၊ ရွှေဘိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်နှင့် ဆရာဝန်၊ ဆရာမများ မြို့နယ်အထောက်အကူပြု ကောက်မတီဥက္ကဋ္ဌ ဒေါက်တာတင်ဝင်း၊ ဘဝကိုယ်ထူကိုယ်ထ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

AIDS ရောဂါသည် ၁၉၈၁ ခုနှစ်မှ စတင်ကာ အမေရိကန်နိုင်ငံရှိ အမျိုးသားလိင်တူဆက်ဆံသူများတွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ၂၀၁၂ ခုနှစ် UNAIDS အဖွဲ့ကြီးက ထုတ်ပြန်သော ကိန်းဂဏန်းအရ ကမ္ဘာပေါ်တွင် HIV/AIDS ဖြစ်ပွားနေသူ ၃၄ သန်းခန့်ရှိပြီး ၂၀၁၁ ခုနှစ်တွင် AIDS ရောဂါဖြင့် သေဆုံးသူပေါင်း ၁ ဒသမ ၇ သန်းရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် HIV ပိုးတွေ့ရှိလူနာကို ၁၉၈၈ ခုနှစ်တွင် စတင်တွေ့ရှိရခြင်းဖြစ်ပြီ ပထမဆုံး AIDS လူနာကို ၁၉၉၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ AEM ဖြင့် ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အကုန်၌ HIV/AIDS ဖြစ်ပွားနေသူ နှစ်သိန်းနီးပါးရှိပြီး ယင်းရောဂါဖြင့် သေဆုံးသူ ၁၅၀၀၀ ကျော်ရှိသည်။ အဆိုပါရောဂါမှာ လိင်ဖျော်ဖြေရေး အမျိုးသမီးများ၊ မူးယစ်ဆေးအကြောထဲထိုးသွင်းသူများနှင့် လိင်တူဆက်ဆံသူ အမျိုးသားများတွင် အဖြစ်များသည်။

ယခုနှစ် မြန်မာနိုင်ငံအတွက် ပြဋ္ဌာန်းထားသော ဆောင်ပုဒ်မှာ "ခွဲခြားနှိမ်ချကင်းစင်ဝေး၊ ကူးစက်သေဆုံး မရှိရေး၊ ART ဖြင့် ကုသပေး" ဖြစ်သည်။

(၅၇၂)

သုံးရာသီ ဧမ္မဒါန
တောင်ကြီး-အင်းလေး-ပင်းတယ
မန္တလေး-မေမြို့-စစ်ကိုင်း-မုံရွာ
ပုဂံ-ပုပ္ပါး-ပခုက္ကူ
Dec -12
☎ 420144148,421153797

CHOICE Car Rental
ဘုရားဖူးခရီးစဉ်အမျိုးမျိုး၊ လချုပ်၊ နှစ်ချုပ် နယ်ခရီးမျိုးစုံ ကားမျိုးစုံ ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09 43170084, 09 423679904

ကား မျိုးစုံ
(Alphard/Crown/MarkII/အနီးတပ်/Hiace)
Ph: 09795549249, 0954181261

Special-List
140
Sq-Ft
120
254044529

CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845




15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာအဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမဏီ၊ဂျပန်၊စင်္ကာပူ၊ထိုင်း၊ ဖိလစ်ပိုင်) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec




ရွှေကြေးစည် – ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
(လားရှိုး၊ မူဆယ်၊ ရွှေလီ) (ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ) (ထားဝယ်ရှင်ကိုးရှင်–မောင်းမကန်) (ဇလွန်) (နေပြည်တော်)
အပတ်စဉ် သောကြာ
ဖုန်း: 01-240860/01-372290 09-49282825 09421029191

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
ပုဂံ(ရွှေစည်းခုံ)ပုပ္ပါးပေါ်ပါ
တောင်ကြီး အင်းလေး ပင်းတယ
မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မုံရွာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
www.chitpaithitsar.blogspot.com

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေနဂါး (ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-55000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000


GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 430480, 544383

ခူမြည် ကားမျိုးစုံ စီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(ငြိမ်း)- ၅၀၀၀၀
ခရစ္စမတ် New Year 6+1 FREE
0931815390,0931815395

နန်းဦးလှိုင် တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်
ကျိုက်ထီးရိုး(နေ့စဉ်) • မဲလဲဆံတော်ရှင် (သောကြာ/စနေ) • ပြည်အကောက်တောင် (သောကြာ/စနေ)
• တောင်ကြီး၊အင်းလေး၊မွေတော်ကတ္တူ၊ထမ့်စမ်းဂူ၊ဆက်၍ လွိုင်ကော် • ပုဂံ၊ဘုရားစုံဖူး၊ပုပ္ပါး၊ရွှေစည်းခုံတော်လေးဆူ
• ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ၊ မြိတ်(ဘိတ်) အပတ်စဉ်(သောကြာ)ထွက်သည်။
01-391577, 09-5122961, 09-254821597, 056-21671

သင့်သွေးဖြင့် အသက်ကယ်ပါ






# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ယဉ်ကျေးလိမ္မာသင်တန်းများကြည့်ရှု မျက်စိနှင့် အထွေထွေရောဂါကုသမှုခံယူနေသည့် လူနာများအား အားပေးစကားပြောကြား

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ယဉ်ကျေးလိမ္မာသင်တန်းကို ကြည့်ရှုစဉ်။

(သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နှင့် ရမည်းသင်းမြို့တို့၌ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းမှ ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားနေမှုများ၊ မျက်စိနှင့် အထွေထွေရောဂါကုသမှုခံယူနေသည့် ပြည်သူများအား ကြည့်ရှုအားပေးပြီး ပညာရေးနှင့်ပရဟိတလူမှုရေးအသင်းအဖွဲ့များအား အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားများသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့ ရာပြည့်သာသနာ့ဗိမာန်တော်ကြီးနှင့် မှန်နန်းကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားနေသည့် ယဉ်ကျေးလိမ္မာသင်တန်းများသို့ သွားရောက်ကြည့်ရှု၍ အမှာစကားပြောကြားပြီး ပန်းစုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျောင်းတိုက်ပြုပြင်ရန် အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့

# ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ

စာမျက်နှာ ၁၅

# ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ကြိုတင်လေ့လာခြင်း



MNL အမှတ်ပေးပြိုင်ပွဲ၏ အအောင်မြင်ဆုံးနှစ်သင်းဖြစ်သည့် ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ ၂၀၁၄ ရာသီက တွေ့ဆုံခဲ့စဉ်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပရော်ဖက်ရှင်နယ်လိဂ်ဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး လာမည့် ၂၀၁၅ ခုနှစ်ဆိုလျှင် ခုနစ်နှစ်ရှိပြီ ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲ ခြောက်ကြိမ်ကိုကြည့်လျှင် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့က သုံးကြိမ်စီ ဗိုလ်စွဲထားပြီး ရတနာပုံအသင်းက လက်ရှိချန်ပီယံအသင်းဖြစ်သည်။ ယင်းအတွက်ကြောင့် MNL အမှတ်ပေးချန်ပီယံ ယင်းနှစ်သင်းကပဲ ကြီးစိုးထားပြီး ကျန်အသင်းများမှာ အမြင့်ဆုံး ဒုတိယနေရာသာရရှိခဲ့သည်။ ယင်းကဲ့သို့ အောင်မြင်မှုများရနေခြင်းမှာလည်း ရတနာပုံအသင်းရော ရန်ကုန်အသင်းပါ ကစားသမားကောင်းများစွာ ပိုင်ဆိုင်ခြင်း၊ အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများ၏ ပံ့ပိုးအားပေးမှုကောင်းမွန်ခြင်းတို့အပြင် ချန်ပီယံ

စာမျက်နှာ ၉ ကော်လံ ၁ သို့

## ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းများ ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဒီဇင်ဘာ ၁၅ ရက်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်များတွင် ကျောင်းအပ်လက်ခံမည်ဖြစ်သည်။ ဝင်ခွင့်ရကျောင်းသားကျောင်းသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)


## ယနေ့မာတိကာ


အင်အားရှိသော တပ်မတော်နှင့် ဗိုလ်ရှုသဘင် — စာမျက်နှာ - ၆

တရုတ်-မြန်မာ နယ်စပ်ကုန်စည်ပြပွဲ မူဆယ်မြို့တွင် ကျင်းပမည် — စာမျက်နှာ - ၁၂

မက်ဆီမှာ ပြိုင်ပွဲ၏ရလဒ်ကို ပြောင်းလဲစေနိုင်သူဟု ဟင်နရီကေး ပြောကြား — စာမျက်နှာ - ၁၃








နေပြည်တော် - စာတည်းမှူး ၀၆၇-၄၁၄၃၅၂၊ ၄၁၃၄၃၂၊ စာတည်းအဖွဲ့ ၀၆၇-၄၁၄၃၃၀၊ ဖက်စ် ၀၆၇-၄၁၄၃၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၃၃/၃၅ လမ်းနှင့် ဓမ္မာရုံလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၀၂၈၂၂
themirror.npt@gmail.com
ကြေးမုံ ၁၉၅၇ ခုနှစ်မှ စတင်ထုတ်ဝေသည်။
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

ကြေးမုံ အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍသစ်
CLASSIFIEDS
အင်္ဂါနေ့၊ ဒီဇင်ဘာ ၉၊ ၂၀၁၄

## ဝန်ထမ်းအလိုရှိသည်

ကြို့ပင်ကောက်မြို့၊ အောင်မြင်မြင့်မိုရ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်ဝပြီး ဆက်ဆံရေးကောင်းမွန်သော အောက်ဖော်ပြပါ ကျွမ်းကျင်ဝန်ထမ်းများအလိုရှိပါသည်။

၁။ အထူးကုဆရာဝန်များ
၂။ ဆရာဝန်များ
၃။ သူနာပြုများ
၄။ ညှော့ကြိုဝန်ထမ်း
၅။ ဓာတ်ခွဲကျွမ်းကျင်

တစ်ဦးချင်းစီ၏ အရည်အချင်းပေါ်မူတည်၍ ထိုက်တန်သောလစာ၊ ဝန်ထမ်းအိပ်ခန်းနှင့် အခြားခံစားခွင့်များစွာ စီစဉ်ပေးပါမည်။

အောင်မြင်မြင့်မိုရ်ဆေးရုံ၊ ရန်ကုန်-ပြည်လမ်း၊ ကြို့ပင်ကောက်မြို့(သို့မဟုတ်) email:hr.ammmhospital@gmail.com, သို့ လျှောက်လွှာများ ပေးပို့နိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၁၇၅၅၇၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## Vacancy Announcement

1.Sales & Marketing Executive (၁) ဦး

ဘွဲ့ရ၊ Water Pump လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ၊ လူမှုဆက်ဆံရေး ကောင်းမွန်ပြီး တက်တက်ကြွကြွဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သူ၊ လစာ -အရည်အချင်းပေါ်မူတည်၍ ညှိနှိုင်းဆွေးနွေးနိုင်ပါသည်။

အောက်ပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

B.E (Electrical or Mechanical or Marine Engineering)
Fresh graduate,B.Tech and A.G.T.I are also welcome.
3G Trading Company Limited
No.9,Ground Floor,Htee Tan 2nd Street,Kyee Myin Dine,Yangon
(ဟုန်းလမ်းမှတ်တိုင်အနီး)
naywin.kotoo@gmail.com
Ph : 09-42108 4291

## ဝန်ထမ်းအလိုရှိသည်။

မြန်မာတယ်လီဖုန်းလမ်းညွှန်အဖွဲ့၏ ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးရုံးများအတွက်ဝန်ထမ်းအလိုရှိပါသည်။

**1. Sales Executive** ကျား/မ (၁၀) ဦး
– ဘွဲ့ရပြီးသူ၊ အသက်(၂၅)နှစ်မကျော်သူ

**2. IT Assistant / Graphic Designer** ကျား/မ (၂) ဦး
– Designer အတွက် Adobe CS5 ဖြင့် Design ရေးဆွဲနိုင်သူ။
– IT Assistant အတွက် Network နှင့် Programing အခြေခံရှိသူ။

**3. Driver** ကျား (၃) ဦး
– ကုမ္ပဏီယာဉ်မောင်းအတွေ့အကြုံရှိသူဦးစားပေးပါမည်။

ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၂)ပုံ၊ ပညာရေးအောင်လက်မှတ်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ် ပြားမိတ္တူ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ တို့နှင့်အတူ **မြန်မာတယ်လီဖုန်းလမ်းညွှန်အဖွဲ့** ၁၅(ဂ)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ **ရန်ကုန်မြို့** နှင့် ဒီ-၂၀၅၊ ဒုတိယထပ်၊ ရွှေဖြူပလာဇာ၊ **မန္တလေးမြို့**တို့သို့ **၂၀၁၄ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်** မတိုင်မီ လျှောက်ထားနိုင်ပါသည်။

**ကျေးဇူး ဆပ်ပါမည်**

ဦးမာမက်ကာစင်[၁၀/မလမ(နိုင်)၁၆၈၀၃၀]ကိုင်ဆောင်သူ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။
**ဖုန်း-၀၉-၂၅၀၀၆၀၉၇၁**

## ဝန်ထမ်းအမြန်အလိုရှိသည်
### (ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

Han Myint Moh Co.,Ltd(Construction and Trading)လက်အောက်ရှိ လုပ်ငန်းဌာနများတွင် တာဝန်ထမ်းဆောင်နိုင်သည့် အောက်ပါဝန်ထမ်းများကို အမြန်ဆုံးခန့်ထားလိုပါသည်။

၁။ Chief Engineer/Assistant Chief Engineer ကျား/မ(၃)ဦး
- B.E/A.G.T.I/B.Tech(Civil)
- (နယ်ခရီးသွားလာနိုင်သူကို ဦးစားပေးမည်။)

၂။ Project Engineer/Site Engineer/Estimate Engineer(QS) ကျား/မ(၁၄)ဦး
- B.E/AGTI/B.Tech (Civil)
- (နယ်ခရီးသွားလာနိုင်သူကို ဦးစားပေးမည်။)

၃။ Admin Manager/Assistant Admin Manager ကျား/မ(၄)ဦး
- တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိပြီး Computer ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။
- ရုံးလုပ်ထုံးလုပ်နည်းများကို နားလည်ပြီး၊ အုပ်ချုပ်မှုပိုင်းကျွမ်းကျင်သူ ဦးစားပေးမည်။

၄။ Dump Driver (6ဘီး)/Canter Driver (3တန်ယာဉ်) ကျား(၄)ဦး
- ယာဉ်မောင်းလိုင်စင် အနည်းဆုံး(၃)နှစ်ရှိသူဖြစ်ရမည်။

အထက်ပါရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူများကို ဦးစားပေးခန့်ထားမည်ဖြစ်ရာ လျှောက်ထားလိုသူများသည် မကြာမီကရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ CV Form၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူနှင့်အတူ တစ်ပတ်အတွင်း လူကိုယ်တိုင် အမှတ် (၉၅)၊ နှင်းဆီဥယျာဉ်လမ်း၊ Rose Park(I)၊ ရွှေပင်လုံအိမ်ရာ၊ မြောက်ဒဂုံမြို့နယ်၊ ပင်လုံဆေးရုံအနီး၊ ဖုန်း ၀၉-၄၂၁၀၆၀၃၅၃၊ ၀၉-၄၉၇၅၁၇၉၈ သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအမြန်အလိုရှိသည် (လစာကောင်းကောင်းပေးမည်)

**၁။ စာရင်းကိုင်** မ (၂)ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ အသက်(၃၀)နှစ်နှင့်အထက် ဖြစ်ရမည်။

**၂။ သန့်ရှင်းရေးဝန်ထမ်း** ကျား/မ (၂)ဦး
အသက်(၄၀)နှစ်နှင့်အထက် ဖြစ်ရမည်။

**၃။ အိမ်အကူလုပ်ရန်** မ (၂)ဦး
အသက်(၁၈)နှစ်နှင့်အထက် ဖြစ်ရမည်။ နေ+စား = ငြိမ်း

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ အမှတ်(၃၆၃)၊ (၄-လွှာ)၊ ရွှေဘုံသာလမ်း(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်သို့ အမြန်ဆုံးလာရောက်လျှောက်ထားနိုင်ပါသည်။

## Our Style Company Group Ltd.

**No.388/398, (7B/8လွှာ)၊ ဆင်မင်းကွန်ဒို၊ ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အလုံ၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၂၁၄၁၅၊ ၀၉-၄၂၁၀၅၂၅၅၁။ Email:ourstyle.hr@gmail.com**

| | | |
|---|---|---|
| ၁။ | Site Engineer (လမ်း၊ တံတား) | ကျား (၃) ဦး |
| ၂။ | ရုံးအုပ် | ကျား (၂) ဦး |
| ၃။ | ရုံးဝန်ထမ်း | ကျား (၈) ဦး |
| ၄။ | လမ်းကြီးကြပ် | ကျား (၅) ဦး |
| ၅။ | စက်ပြင်ဆရာ | ကျား (၂) ဦး |
| ၆။ | Welder/Cutter ကျွမ်းကျင်ဝန်ထမ်း | ကျား (၃) ဦး |
| ၇။ | စတိုဝန်ထမ်း | ကျား (၅) ဦး |
| ၈။ | အထွေထွေဝန်ထမ်း | ကျား (၂၀) ဦး |
| ၉။ | စာရင်းကိုင် | မ (၃) ဦး |
| ၁၀။ | Tour Operation Staff | မ (၃) ဦး |

အမှတ်စဉ်(၁ မှ ၉)ထိ နယ်သွားနိုင်သူဖြစ်ရပါမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံ၊ စာရွက်စာတမ်းအပြည့်အစုံဖြင့် ၂၄-၁၂-၂၀၁၄ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

## Team Creation Mobile
## ဝန်ထမ်းအလိုရှိသည်

Marketing Staff -Male

- အသက်(၂၀)နှစ်မှ (၃၀)နှစ်ကြား ဖြစ်ရမည်။
- ဖုန်းလုပ်ငန်းနှင့်ပတ်သက်၍အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- တရုတ်၊ မြန်မာစကား ကျွမ်းကျင်စွာပြောဆိုတတ်ရမည်။
- ရန်ကုန်နှင့်မန္တလေးမြို့များတွင် သွားရောက်လုပ်ကိုင်နိုင်ရမည်။

**ဆက်သွယ်ရန်-Mr.Law-၀၉-၂၅၃၆၀၂၂၂၈၊ ၀၉-၄၉၂၈၄၁၅၂**
**လစာကောင်းကောင်းပေးမည်။**

## ဝန်ထမ်းအလိုရှိသည်

1. Project Engineer (ကျား)-၂ဦး
- A.G.T.I,B-Tech,B.E(Civil)
- လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်နှင့်အထက် ရှိသူဖြစ်ပြီး အထပ်မြင့်၊ Steel Structure၊ အဆောက်အအုံများ၊ လမ်း/တံတား စသည့်စီမံကိန်းတစ်ခုလုံး ကောင်းစွာစီမံအုပ်ချုပ်ကြီးကြပ်ညွှန်ကြားနိုင်သူဖြစ်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အတွေ့အကြုံနှင့်ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်။

2. Site Office Manager (ကျား)-၂ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက် ရှိသူဖြစ်ရမည်။
- ရုံးကိစ္စများကျွမ်းကျင်စွာ စီမံဆောင်ရွက်နိုင်ပြီး Site Office တစ်ခုလုံးအား ကောင်းစွာဦးစီးအုပ်ချုပ်နိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ(သို့မဟုတ်)အင်ဂျင်နီယာဘွဲ့ရ ဦးစားပေးမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အတွေ့အကြုံနှင့်ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်။

3. Junior Site Engineer (ကျား)-၂ဦး
- A.G.T.I,B-Tech,B.E(Civil)
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အတွေ့အကြုံနှင့်ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်။

4. Junior Office Engineer (မ)-၁ဦး
- A.G.T.I,B-Tech,B.E(Civil)
- Estimate တွက်ချက်ခြင်းလုပ်ငန်း ကျွမ်းကျင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
- အတွေ့အကြုံနှင့်ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်။

5. ယာဉ်မောင်း (ကျား)-၁ဦး
- မြို့တွင်း/နယ်ဝေး ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- လုပ်သက်(၁၀)နှစ်နှင့် အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ ၁၉-၁၂-၂၀၁၄ရက်ကို နောက်ဆုံးထား၍ မိမိ၏ကိုယ်ရေးရာဇဝင်၊ သုံးလအတွင်းရိုက်ကူးထားသော ကာလာဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ရတနာပြည့်စုံအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်**
**တိုက်(၃၁)၊ အခန်း(၁၁)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်းနံပါတ် ၀၁-၈၆၀၅၀၂၀၊ ၀၁-၈၆၀၅၀၃၀၊ ၀၉-၈၆၃၇၁၆၉**
**Email:engineering.yps@gmail.com**

## ဝန်ထမ်းအလိုရှိသည်

၁။ တာဝန်ခံအင်ဂျင်နီယာ ကျား (၁၀) ဦး
B.E (Civli), B.Tech(Civil),AGTI(Civil)
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်

၂။ Store Keeper ကျား (၁၀) ဦး
- ဘွဲ့ရ၊ အသက်(၂၅)နှစ်အထက်ဖြစ်ရမည်။

အမှတ်စဉ်အားလုံး ရန်ကုန်နှင့်နယ်တွင် အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ရမည်။ လစာညှိနှိုင်းပေးမည်။ စိတ်ဝင်စားသူများသက်ဆိုင်ရာအထောက်အထားများနှင့်အတူ အမှတ်-6-C-5, ရန်ကင်းစင်တာ၊ ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၄၀၀၃၀၉၊ ၀၉-၅၁၆၂၂၈၁၊ ၀၉-၈၅၉၁၉၈၁နှင့် moemoe.more@ gmail.com သို့ ၃၁-၁၂-၂၀၁၄ရက်နောက်ဆုံးထားပြီး ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

**အမှတ်(၅)အေ၊ မေမြို့လမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၀၉၄၃၅၊ ၀၁-၉၆၈၈၇၄၁**

**ရုံးဝန်ထမ်း** မ(၁)ဦး
- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
- ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်သူ ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။

လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်နှင့်အတူ ဓာတ်ပုံ(၁)ပုံ၊ အောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားလာနိုင်ပါသည်။

## N-Car Company (Korea Car Sales and Service Center) မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်

1. Engineer (ကားစက်ပြင် ကျွမ်းကျင်အဆင့်) ကျား(၂)ဦး
2. Sales and Marketing မ(၂)ဦး
3. Office Staff မ(၂)ဦး

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၈၆၉၆၀၁**
**လိပ်စာ-အမှတ်(၈)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံ**

## ဝန်ထမ်းအမြန်အလိုရှိသည်

နိုင်ငံတကာအဆင့်မီဖွဲ့စည်းထားသော ဖြန့်ချိရေးကုမ္ပဏီမှ ရိုးသားပြီးတက်ကြွသော အရည်အချင်းရှိ အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ National Sales Manager ကျား(၁)ဦး
- FMCG (သို့မဟုတ်) Cosmetics အတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ပြီး အသက်(၄၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- တစ်နိုင်ငံလုံးသို့ ဖြန့်ချိရေးစနစ်ကို နိုင်နင်းစွာစီမံနိုင်သူဖြစ်ပြီး ကုမ္ပဏီမှသတ်မှတ်ထားသော လစဉ်၊ နှစ်စဉ်အရောင်း Target များကို ပြည့်မီအောင် စွမ်းဆောင်နိုင်သူဖြစ်ရမည်။ ဖျတ်လတ်တက်ကြွပြီး အလုပ်နှင့်ပတ်သက်သော ဖိအားဒဏ်ကိုခံနိုင်ရည်ရှိရ မည်။ English ရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူကို ဦးစားပေးမည်။

၂။ Sales Executives ကျား/မ(၂)ဦး
- FMCG (သို့မဟုတ်) Cosmetics အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ ရန်ကုန်မြို့တွင်း အရောင်းနှင့် (Van Sales) ပတ်သက်၍သော်လည်းကောင်း၊ (သို့မဟုတ်) Key Account Channel နှင့်ပတ်သက်၍သော်လည်းကောင်း အတွေ့အကြုံရှိသူဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ပြီး အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- မိမိ၏ Sales Teamကို နိုင်နင်းစွာအုပ်ချုပ်နိုင်သူဖြစ်ပြီး ဦးဆောင်မှုပေးနိုင်သူဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်သူကို ဦးစားပေးမည်။

၃။ Chief Accountant မ(၁)ဦး
- B.Com(CPA) သို့မဟုတ် LCCI Level -III အောင်မြင်ပြီးသူဖြစ်ပြီး စာရင်းအင်းနှင့်ပတ်သက်၍ ကုမ္ပဏီအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။
- လစဉ် P&Lနှင့် Balance Sheet ကို ပိုင်နိုင်စွာ ထုတ်ပေးနိုင်သူဖြစ်ရမည်။
- Accountant Dept: တစ်ခုလုံးကို နိုင်နင်းစွာအုပ်ချုပ်နိုင်သူဖြစ်ပြီး ဦးဆောင်မှုပေးနိုင်သူဖြစ်ရမည်။ အသက်(၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ Regional Sales Executive ကျား(၁)ဦး
- FMCG (သို့မဟုတ်) Cosmetics အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- Regional Sales Experiences ရှိရမည်။ နယ်သွားနိုင်သူဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။ ကုမ္ပဏီမှ သတ်မှတ်ထားသော Sales Target များကို လစဉ်ပြည့်မီအောင် ရောင်းပေးနိုင်ရမည်။

အထက်ဖော်ပြပါရာထူးများအားလုံးအတွက် အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။ Sales Commission Incentives များ ခံစားခွင့်ရှိပါသည်။

လျှောက်ထားရန်လိပ်စာ- Dr.Marketing Co.,Ltd.
Ph: 09-253670050, 09-795687623-24-25,
Email:dr.marketingmm@gmail.com

ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

MYANMAR FINANCE INTERNATIONAL LTD.
NO. 67, KABARAYE PAGODA ROAD, MAYANGONE TOWNSHIP, YANGON, MYANMAR
TEL: (+95-1) 657837 FAX: (+95-1) 660831

## Myanmar Finance International Ltd.

## Vacancy Announcement ဝန်ထမ်းသစ် အလိုရှိသည်

အသေးစား၊ ငွေရေးကြေးရေးလုပ်ငန်းတစ်ခုဖြစ်သည့် Myanmar Finance International Limited တွင် လုပ်ငန်းတိုးချဲ့ရန်အတွက် အောက်ဖော်ပြပါလစ်လပ်နေရာများအတွက် ဝန်ထမ်းများ ခေါ်ယူလျက်ရှိပါသည်။

(၁) Internal Audit (ကျား/မ)၂ဦး
(၂) Product Development Officer (ကျား/မ)၁ဦး
(၃) Operation Officer (ကျား/မ)၁ဦး
(၄) ရုံးခွဲမန်နေဂျာ (Branch Manager) (ကျား/မ)၁ဦး
(ရန်ကုန်တိုင်းဒေသကြီး-ကွမ်းခြံကုန်းနယ်မြေ)
(၅) Training Officer (ကျား/မ)၂ဦး
(၆) Admin Officer(စီမံအရာရှိ) (ကျား/မ)၁ဦး
(၇) ရုံးခွဲချေးငွေအရာရှိ (Branch Credit Officer) (ကျား/မ)၃ဦး
(ရန်ကုန်တိုင်းဒေသကြီး-ကွမ်းခြံကုန်းနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး-သာယာဝတီနယ်မြေ)
(၈) ရုံးခွဲစာရင်းကိုင်အရာရှိ (Branch Account Officer) (ကျား/မ)၁ဦး
(ပဲခူးတိုင်းဒေသကြီး-သာယာဝတီနယ်မြေ)
(၉) ရုံးခွဲငွေကိုင်အရာရှိ(Branch Cashier) (မ)၄ဦး
(ရန်ကုန်တိုင်းဒေသကြီး-ကွမ်းခြံကုန်းနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၊ ပဲခူးတိုင်းဒေသကြီး-သာယာဝတီနယ်မြေ)
(၁၀) ချေးငွေအရာရှိ (Loan Officer) (ကျား/မ)၁၁ဦး
(ရန်ကုန်တိုင်းဒေသကြီး-အင်းစိန်၊ ကွမ်းခြံကုန်း၊ ရန်ကုန်မြို့တွင်း၊ ပဲခူးတိုင်းဒေသကြီး-သာယာဝတီနယ်မြေ)

**အမှတ်စဉ်(၁)**အတွက် အသက်(၃၀-၄၅)ကြား၊ B.Com သို့မဟုတ် ၎င်းနှင့်အလား သဏ္ဍာန်တူသည့် စာရင်းပညာဘွဲ့ရဖြစ်ရမည်။ Audit အနေဖြင့် အနည်းဆုံး(၃)နှစ်လုပ်ကိုင်ဖူးပြီး ဘဏ်(သို့)အသေးစားငွေရေးကြေးရေးလုပ်ငန်းအတွေ့အကြုံရှိက ပိုမိုသင့်လျော်သည်။ Audit Plan ကိုယ်တိုင်ရေးဆွဲ၍ Audit Teamကို ဦးဆောင်ညွှန်ကြားနိုင်ရမည်။ Audit Reportအား အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ လိုအပ်ပါက Management Meeting တွင် အင်္ဂလိပ်ဘာသာဖြင့် Presentation နှင့်တကွ တင်ပြဆွေးနွေးနိုင်ရမည်။ လက်ရှိကျင့်သုံးနေသော လုပ်ငန်းစဉ်များမှ ပြုပြင်သင့်သည်များကို အကြံပြုနိုင်ရမည်။

**အမှတ်စဉ်(၂)**အတွက် အသက်(၂၅-၄၀)နှစ်ကြား၊ ငွေစုငွေချေး/ဘဏ်ဆိုင်ရာလုပ်ငန်းများနှင့် အလားသဏ္ဍာန်တူသည့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။ Banking & Finance (သို့)Marketing (သို့)Management စသည့် အထူးပြုဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့ရရှိပြီးသူ၊ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကောင်းမွန်ပြီး ကွန်ပျူတာ တတ်ကျွမ်းရမည်။ မိမိ၏လုပ်ငန်းသဘောသဘာဝကြောင့် နယ်ခရီးသွားနိုင်ရမည်။ မိမိအဖွဲ့အစည်းတိုးတက်စေရန်နှင့် ကောင်းမွန်သည့်လုပ်ငန်းခွင်ဖြစ်ရန် ဖန်တီးနိုင်ရမည်။ မိမိအဖွဲ့အစည်းဝင်များ၏ လိုအပ်ချက်နှင့် တိုးတက်မှုရှိစေရန်အတွက် ပြုလွယ်ပြောင်းလွယ်ပြီး တင်ပြနိုင်ရမည်။

**အမှတ်စဉ်(၃)**အတွက် အသက်(၂၅-၃၅)နှစ်ကြား၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း/ ဘဏ်ဆိုင်ရာလုပ်ငန်းများအကြောင်း လုပ်ငန်းအတွေ့အကြုံရှိက ပိုမိုကောင်းမွန်သည်။MS-Word, Excel and PowerPoint (မြန်မာ၊ အင်္ဂလိပ်)တတ်ကျွမ်းရမည်။ မိမိ၏လုပ်ငန်းသဘောသဘာဝကြောင့် နယ်ခရီးသွားနိုင်ရမည်။ ဆိုင်ကယ်စီးတတ်ပါက ပိုမိုသင့်လျော်သည်။ အင်္ဂလိပ်စာ၊ ရေး၊ ဖတ်၊ ပြော ကောင်းမွန်သူအား ဦးစားပေးမည်။

**အမှတ်စဉ်(၄)**အတွက် အသက်(၂၅-၃၅)နှစ်ကြား၊ ငွေစုငွေချေး/ဘဏ်ဆိုင်ရာလုပ်ငန်းများနှင့်အလား သဏ္ဍာန်တူသည့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ ၊ ဘွဲ့ရဖြစ်ရမည်။ စာရင်းပိုင်း နားလည်စစ်ဆေးနိုင်ပြီး ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ၏ ရလဒ်အပေါ် မူတည်၍ လုပ်ငန်းပိုင်းလိုအပ်သည်များကို စီမံဆောင်ရွက်နိုင်ရမည်။ မိမိကိုယ်တိုင် စီမံအုပ်ချုပ်မှုပိုင်း၌ ဝင်ရောက်လုပ်ကိုင်ခဲ့သော အတွေ့အကြုံရှိရမည်။ ဒေသခံမဟုတ်ပါက နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ ဆိုင်ကယ်စီးတတ်ပါက ပိုမိုသင့်လျော်သည်။

**အမှတ်စဉ်(၅)**အတွက် အသက်(၂၅-၃၅)နှစ်ကြား ဘွဲ့ရဖြစ်ရမည်။ သင်တန်းသင်ကြားဖူးသည့် အတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိရမည်။ မိမိကိုယ်တိုင် သင်တန်းအစီအစဉ်ရေးဆွဲခြင်း၊ Budget တွက်ချက်ခြင်း၊ အုပ်ချုပ်/ထောက်ပံ့လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရမည်။ Networking ကောင်းမွန်ရမည်။ ကွန်ပျူတာ(မြန်မာ/အင်္ဂလိပ်)တတ်ကျွမ်းရမည်။ လိုအပ်သည့် အချိန်တိုင်း နယ်ခရီးသွားနိုင်ရမည်။

**အမှတ်စဉ်(၆)**အတွက် အသက်(၂၅-၄၀)နှစ်ကြား၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ရုံးလုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းသူဖြစ်ရမည်။ စိတ်ရှည်သည်းခံပြီး မိမိအလုပ်ကို ပြီးမြောက်အောင် လုပ်ကိုင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိပြီး အသက်အရွယ်မရွေး စီမံခန့်ခွဲနိုင်ရမည်။ အခြေခံကွန်ပျူတာ စာစီစာရိုက်(မြန်မာ/ အင်္ဂလိပ်) ပြုလုပ်နိုင်ရမည်။

**အမှတ်စဉ်(၇)**အတွက် အသက်(၂၅-၃၅)နှစ်ကြား၊ ဘွဲ့ရ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ အခြေခံစာရင်းကိုင်ပညာတတ်ကျွမ်းသူ ဖြစ်ရမည်။ ဒေသခံမဟုတ်ပါက ယင်းဒေသတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ ဆိုင်ကယ်စီး တတ်ရမည်။

**အမှတ်စဉ်(၈)**အတွက် အသက်(၂၅-၃၅)နှစ်ကြား၊ စာရင်းကိုင်ဘွဲ့ရ(သို့)စာရင်းကိုင်ပညာဆိုင်ရာ ဒီပလိုမာရရှိပြီး ဘဏ္ဍာရေးစာရင်း အစီရင်ခံစာများ ပြုစုရေးဆွဲခြင်း အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။ MS-Excel အသုံးပြုတတ်သူ ဖြစ်ရမည်။ တွက်ချက်မှုဆိုင်ရာ Formula များကို နားလည်တတ်ကျွမ်းပါက ပိုမိုသင့်လျော်သည်။ ဒေသခံမဟုတ်ပါက ယင်းဒေသတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

**အမှတ်စဉ်(၉)**အတွက် အသက်(၂၅-၃၅)နှစ်ကြား၊ ဘွဲ့ရဖြစ်ရမည်။ ငွေကိုင်အဖြစ် လုပ်ငန်းအတွေ့အကြုံရှိက ပိုမိုသင့်လျော်သည်။ MS-Excelအသုံးပြုနိုင်ရမည်။ စိတ်ရှည်သည်းခံပြီး မိမိအလုပ်ကို ပြီးမြောက်အောင် လုပ်ကိုင်နိုင်ရမည်။ ဒေသခံမဟုတ်သူများ ယင်းဒေသတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

**အမှတ်စဉ်(၁၀)**အတွက် အသက်(၂၀-၃၀)နှစ်ကြား၊ ၁၀ တန်းအောင်/ဘွဲ့ရ ဖြစ်ရမည်။ တွက်ချက်မှုနှင့် အခြေခံစာရင်းကိုင်ပညာ နားလည်သူဖြစ်က ပိုမိုသင့်လျော်သည်။ လူအများနှင့် ပြောဆိုဆက်ဆံရသည်ကို နှစ်ခြိုက်သူဖြစ်ရမည်။ နယ်ရာထူးဖြစ်ပါက ဆိုင်ကယ်စီးတတ်ပြီး ဒေသခံမဟုတ်ပါက ယင်းဒေသတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

**လျှောက်ထားလိုသူများသည်**

(၁) လွန်ခဲ့သော (၆)လအတွင်းက ရိုက်ကူးထားသော ပတ်စ်ပို့ အရွယ်ဓာတ်ပုံ(၁)ပုံ
(၂) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)
(၃) မျှော်မှန်းလစာ(ကျပ်)
(၄) ကိုယ်တိုင်ရေး လျှောက်လွှာတွင် လျှောက်ထားလိုသည့်ရာထူး၊ မိမိ၏ ကိုယ်ရေးအချက်အလက်အကျဉ်း ပြည့်စုံစွာရေးသား၍ လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများအား ပြည့်စုံစွာတင်ပြပြီး ၁၈-၁၂-၂၀၁၄ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ Myanmar Finance International Ltd. အမှတ်(၆၇)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သလို Email Address-yelintun83@gmail.comသို့ လျှောက်ထားနိုင်သည်။ လျှောက်ထားသူများထဲမှ သင့်လျော်သူများကို အမြန်ဆုံး အင်တာဗျူးခေါ်ယူသွားမည်ဖြစ်သည်။

---

## မြန်မာရောဝတီ

## ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

အမှတ်(၂၅/၂၆)၊ သီရိမွန်ပလာဇာ၊ သီရိမွန်လမ်းမကြီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-31348581, 01-681829, 01-681828 E-mail: midpco2013@gmail.com**

**1. ရုံးအဖွဲ့မှူး ကျား (၁)ဦး**

- တက္ကသိုလ်တစ်ခုခုမှ အသိအမှတ်ပြုဘွဲ့ရရှိပြီး ဖြစ်ရမည်။ MBA, MDA, Management Diploma ရရှိထားသူများကို ဦးစားပေးစဉ်းစားရွေးချယ်မည်။ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းဆိုင်ရာ အတွေ့အကြုံ(၅)နှစ်ရှိရမည်။ အသက် (၃၅-၅၀)နှစ်အတွင်း ဖြစ်ရမည်။ အဖွဲ့အစည်းကို ဦးဆောင်နိုင်သူဖြစ်ရမည်။ နိုးကြားတက်ကြွစွာဖြင့် အဖွဲ့အစည်းကို ဦးဆောင်နိုင်သူဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။ လုပ်ငန်းတာဝန်ဖြင့် ခရီးသွားနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆိုနိုင်သူ၊ လုပ်ငန်းသုံးကွန်ပျူတာကောင်းမွန်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ အစိုးရဝန်ထမ်း အငြိမ်းစားအရာရှိများလည်း လာရောက်လျှောက်ထားနိုင်သည်။လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာညှိနှိုင်းပေးမည်။

**2. Chief Accountant မ (၁)ဦး**

- B.Com (or) CPA, ACCA ဘွဲ့ရရှိထားသူ ဖြစ်ရမည်။ Computer Software အသုံးပြုနိုင်သူ ဖြစ်ရမည်။ Accountant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်နှင့်အထက်ရှိရမည်။ Microsoft Office Excel, Word ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ Internet, E-mail ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

**3. ယာဉ်မောင်း ကျား (၁)ဦး**

- ယာဉ်မောင်းလိုင်စင်အနက်(သို့မဟုတ်)အညိုကိုင်ဆောင်ထားသူ ဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်နှင့်အထက်ရှိရမည်။ အရည်အချင်းအပေါ် မူတည်၍ လစာညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများသည် CV Form ၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ (၁၉-၁၂-၂၀၁၄)ရက်နေ့နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။

---

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ELECTRIC CABLE နှင့် WIRE များ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက်–

(၁) လက်ထောက်စာရင်းကိုင် ကျား(၂)ဦး
LCCI LEVEL II အောင်မြင်ပြီးသူဖြစ်ရမည်။
(၂) SALE PROMOTER ကျား(၃)ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
(လစာ+ကော်မရှင်ခံစားခွင့်ရှိသည်။)
(၃) WIRE MAN ကျား(၂)ဦး
အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုအတွေ့အကြုံရှိသူဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓါတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာရေးထောက်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ (၃၀–၁၂–၂၀၁၄)နေ့ နောက်ဆုံးထား၍ WINNER ELECTRIC/UNITED WINNERS INT'L CO.,LTD. အမှတ်(၁၇၊အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ရွှေဂုံတိုင်မုံ့ကျော်တံတားအနီး/နှင်းဆီကုန်းဘိုးဘွားရိပ်သာဘက်ခြမ်း) ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

---

## ဝန်ထမ်းအလိုရှိသည်

**ရုံးလုပ်ငန်းလုပ်ကိုင်ရန် မ(၅)ဦး**
**၁၀တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။**
ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်၊ တိုက်(၂)၊ အခန်း(၄)၊ ပြည်ရိပ်မွန်အိမ်ရာ၊ နာနတ်တောလမ်းမပေါ်၊ ကမာရွတ်မြို့နယ်၊ စိုက်ပျိုးရေးမှတ်တိုင်ဆင်းရန်။

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## မြန်မာအသေးစားငွေရေးကြေးရေးဘဏ်လီမိတက်

## ဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

**(၁) IT (Network /Software) ကျား**
**(၂) ယာဉ်မောင်း ကျား**
- ကျန်းမာရေးကောင်းမွန်ရမည်။
- အသက် ၂၀နှစ်မှ ၄၀နှစ်အတွင်း
- အခြေခံပညာအလယ်တန်းအဆင့်ရှိသူ
- ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၂)နှစ်ရှိရမည်။

**(၃) လုံခြုံရေးဝန်ထမ်း ကျား**
- ကျန်းမာရေးကောင်းမွန်ရမည်။
- အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်း
- အခြေခံပညာအထက်တန်းအဆင့်ရှိသူ

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူများသည် အနိမ့်ဆုံးဘွဲ့တစ်ခုခုရရှိရမည်ဖြစ်ပြီး၊ အရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံတို့အပေါ် မူတည်၍ ရာထူး၊ လစာ၊ ညှိနှိုင်းနိုင်မည်ဖြစ်သည်။ လျှောက်ထားလိုသူများသည် CV Form သက်ဆိုင်ရာအောင်လက်မှတ် မိတ္တူများ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အလုပ်သမားမှတ်ပုံတင်၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားစသည်တို့၏ မိတ္တူများပူးတွဲကာ ၂၅-၁၂-၂၀၁၄ ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်(ကိုယ်တိုင်) လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-သမဝါယမစီးပွားရေးဗဟိုဌာန(ဆရာစံပလာဇာ)-၂ လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း-၀၁-၈၆၀၄၀၄၇၊ ၀၁-၈၆၀၄၀၄၈၊ ၀၁-၈၆၀၄၀၄၉။**

---

## ဝန်ထမ်းအလိုရှိသည်

Lover Shape Cafe & Cuisine မှ စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူများကို အလိုရှိသည်။ သက်ဆိုင်ရာ ထောက်ခံချက်များနှင့် CV ပြည့်ပြည့်စုံစုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရေးမိတ္တူတို့နှင့်အတူ ၁၅-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

Chef : (စားဖိုမှူး) ၂ ဦး (ကျား/မ)
Asst : Chef (လ/ထစားဖိုမှူး) ၂ ဦး (ကျား/မ)
Waiter/Waitress ၄ ဦး (ကျား/မ)

လုပ်ငန်းအတွေ့အကြုံရှိသူနှင့် နယ်သွားနိုင်သူ Chef တို့ကို ဦးစားပေးရွေးချယ်မည်။
လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာကောင်းပေးမည်။
အမှတ် (၂၅၉)၊ မြေညီ၊ ၁၅၂ လမ်းထိပ်၊ ကျိုက္ကဆံလမ်းမကြီး၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၂၅၁၀၃၂၅၆၅

---

PAL LINE (MYANMAR) COMPANY LIMITED

## အောက်ပါဝန်ထမ်းများ အလိုရှိသည်။

**1. Accountant** M/F (5) posts
- ဘွဲ့ရဖြစ်ရမည်
- LCCI Level II / III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းပိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံရှိသောသူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ပြီး Microsoft Excel Software အထူးကျွမ်းကျင်သူဖြစ်ရမည်
- လချုပ် စာရင်းများ ၊ နှစ်ချုပ်စာရင်းများကို အချိန်မီ နိုင်နင်းစွာ ချုပ်ဆိုနိုင်ရမည်

**2. Logistics Staff** M/F (10) posts
- ဘွဲ့ရဖြစ်ရမည်
- e-mail အဝင် / အထွက် စစ်ဆေးပြီး သက်ဆိုင်ရာ သင်္ဘောလိုင်းများသို့ အချိန်မီ reply ပြန်နိုင်ရမည်ဖြစ်သောကြောင့် e-mail & internet အထူးကျွမ်းကျင်ရမည်
- အင်္ဂလိပ်စာ 4 skills ကျွမ်းကျင်ရမည်
- ယခင် Freight Forwardly ကုမ္ပဏီတွင်လုပ်ခဲ့ဖူးသူဖြစ်ရမည်

**3. Sales & Marketing** M/F (10) post
- ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
- အရောင်းပိုင်းနှင့်ပတ်သက်၍ ကျွမ်းကျင်မှုရှိရပါမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်သူဖြစ်ရမည်။

**4. Driver** M (5) posts
- အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်
- ကားလိုင်စင် (အနီ/အနက်) ကိုင်ဆောင်ထားသူဖြစ်ရမည်
- နယ်ဝေး မောင်းနှင်နိုင်သူဖြစ်ရမည်
- ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိရမည်။
- အင်းစိန်မြို့နယ် အနီးတဝိုက်တွင် နေထိုင်သူ ဦးစားပေးမည်။

**5. Site Engineer** M (10) posts
- ME / BE / B-TECH (CIVIL) ဖြစ်ရမည်။
- Construction site လုပ်သက် (၃)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။
- ကိုယ်ပိုင်လုပ်ရည်ကိုင်ရည်ရှိသူဖြစ်ရမည်။

PAL LINE LOGISTIC COMPANY LIMITED
အမှတ်(127)၊ မြေညီထပ်၊ 21 လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : 01-254337၊ 01-245046 e-mail : wkmchanger@gmail.com

---

## Myanmar Finest Automobil' Co., Ltd

MYANMAR FINEST AUTOMOBIL
အမှတ်(၂၃/၂၅)၊ဗဟိုလမ်း၊စမ်းချောင်းမြို့နယ်
ရန်ကုန်မြို့၊ဖုန်းနံပါတ်-၀၁ ၅၁၈၄၉၄
(email:HR.MFA@ASEcompanyGroup.com)

**1. Finance Manager** Female (2) Post
- B.com(or)M.com ဘွဲ့ရ/LCCI Level (3) အောင်မြင်ပြီးသူဖြစ်ရမည်။ Finance Manager လုပ်သက်(၂)နှစ် ရှိရမည်။ Co.,၏ Annual Budget Plan အားရေးဆွဲနိုင်ရမည်။ အသက် (၅၀)နှစ်ထက် မကြီးစေရ။

**2. Sales & Marketing Manager** Female (2) Posts
- Any Graduate/ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။ Marketing Plan ရေးဆွဲနိုင်ရမည်။ လက်အောက်ရှိဝန်ထမ်းများအား ဦးဆောင်နိုင်ပြီး Management အတွေ့အကြုံ ရှိရမည်။ English (4) Skills ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။ Microsoft Office & Internet & E mail ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

**3. Receptionist & Customer Care** Female (4) Posts
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ ရုပ်ရည်ချောမောပြေပြစ်ရမည်။ အသက်(၂၅)နှစ် အောက်ဖြစ်ရမည်။ အသင်းအဖွဲ့နှင့် လုပ်ကိုင်တတ်ရမည်။

**4. Sales & Marketing (Brand & Outdoor Sales)** Male/ Female (4)Posts
-တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။ ရုပ်ရည်ချောမော ပြေပြစ်ရမည်။ အသက်(၃၀)နှစ်အောက် ဖြစ်ရမည်။ English Speaking အသင့်အတင့် ပြောဆိုနိုင်ရမည်။ အသင်းအဖွဲ့နှင့်လုပ်ကိုင်တတ်ရမည်။

**5. Cashier** Female (3)Posts
-တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။ အသက်(၂၅) နှစ်အောက်ဖြစ်ရမည်။

**7. Purchaser** Male (3) Posts
-တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။ အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ ကားနှင့်ပတ်သက်သော အစိတ်အပိုင်းများကို နားလည်ရမည်။

**8. Assistant Store & Quality Control** Male (3)Posts
-တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိရမည်။ အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။ Microsoft Office ကိုကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။ Internet & E mail အသုံးပြုတတ်ရမည်။

**9. Driver** Male (3) Posts
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ ယာဉ်မောင်းလုပ်သက် အနည်းဆုံး(၁)နှစ်ရှိရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

**လျှောက်ထားလိုသူများသည်** (၁)လအတွင်း ရိုက်ကူးထားသော ကာလာဓါတ်ပုံ(၃)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာရေး အထောက်အထားမိတ္တူများအား Emailဖြင့် လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-၂/၂၀၁၄
## (၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်)
## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ရက်

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသည့်လစာနှုန်းကျပ် (၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရရှိသော ဒုတိယဦးစီးမှူးရာထူး(၄၀)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(CPA) | ၁၆ ဦး |
| (ခ) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics) | ၄ ဦး |
| (ဂ) စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Econ (Statistics) | ၄ ဦး |
| (ဃ) ဥပဒေဘွဲ့ (LL.B) | ၈ ဦး |
| (င) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A (Eng) | ၄ ဦး |
| (စ) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) နှင့်ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech) | ၄ ဦး |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁-၁၂-၂၀၁၄ ရက်တွင် အသက် (၃၀)နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင်-
- (က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်း၊ အောင်မြင်ခဲ့သည့် ခုနှစ်နှင့်အောင်မြင်ခဲ့သည့် တက္ကသိုလ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
- (စ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
- (ဇ) (ဝန်ထမ်းဖြစ်လျှင်) လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည် စသည်တို့ကို အပြည့်အစုံဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-
- (က) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
- (စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၉-၁-၂၀၁၅ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ရန် ခွင့်ပြုနိုင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်သို့ ၉-၁-၂၀၁၅ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ပေးပို့လာသော၊ စည်းကမ်းနှင့် မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို ၁၇-၁-၂၀၁၅ရက်နှင့် ၁၈-၁-၂၀၁၅ရက်များ၌ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၁၅-၁-၂၀၁၅ ရက်နှင့် ၁၆-၁-၂၀၁၅ရက်များ၌ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ၁၇-၁-၂၀၁၅ရက်တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကိုလည်းကောင်း၊ ၁၈-၁-၂၀၁၅ရက်တွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၃၀၀၁၂ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**


## တိုက်ခန်းရောင်းမည်

- ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်းအောက်လမ်း (မဟာဗန္ဓုလလမ်းမကြီးနှင့်အနီး)တိုက်သစ်၊ ပထမထပ်၊ အဆင့်မြင့်တင်ပြီး၊ ပေ(၂၀)×ပေ(၅၀)၊ 1 MBR၊ 2 BR၊ 3 AC၊ ကျွန်းပါကေးခင်း၊ ကြိုးဖုန်း၊ အိမ်မီတာ(၁)လုံး၊ အိမ်သုံးပါဝါမီတာ(၁)လုံး။

**သိန်း(၂၄၀၀)**

**Ph : 09 2002309, 09 5085641, 09 8610321**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မြိတ်)၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြေထိန်းနံရံများကျောက်ကြီးစီခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ကုမ္ပဏီများအားတင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၉-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၂-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မြိတ်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၉-၈၇၆၂၇၇၈**

**ကွန်ပျူတာတက္ကသိုလ်(မြိတ်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
### အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် အောက်ဖော်ပြပါအချိန်ပိုင်း ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကြေး | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် | လက်ခံသင်ကြားမည့်ဦးရေ |
|---|---|---|---|---|---|
| ၁။ | Post graduate Diploma in Web Engineering | ၃ သိန်းကျပ် | ၄၂ပတ် | ၂၇-၁၂-၂၀၁၄ | ၃၀ ဦး |
| ၂။ | Post graduate Diploma in Network Engineering | ၃ သိန်းကျပ် | ၄၂ပတ် | ၂၇-၁၂-၂၀၁၄ | ၂၀ ဦး |

၂ သင်တန်းချိန်များမှာ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည် ဖြစ်ပါသည်။ တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၄ နာရီမှ ညနေ ၆ နာရီထိ လက်တွေ့ချိန်များသတ်မှတ်ပေးပြီး သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းသားများ၏ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များအတိုင်း လျှောက်ထားနိုင်ပါသည်။
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရသည်။
- (ခ) Post graduate Diploma သင်တန်းကို သိပ္ပံဘာသာရပ်ဖြင့်ဘွဲ့ရရှိပြီး ITနှင့်ဆက်စပ်သောဘွဲ့(သို့မဟုတ်) Certificate ရရှိထားသူများ လျှောက်ထားနိုင်သည်။
- (ဂ) အလုပ်ခွင်အကြို(Internship)ကာလ စက်တင်ဘာလမှ နိုဝင်ဘာလအထိ (၃)လတွင် တနင်္လာနေ့မှ သောကြာနေ့အထိ အချိန်ပြည့်လုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။
- (ဃ) လုပ်ငန်းခွင်မှဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်း၊ ဌာနအကြီးအကဲ၏ထောက်ခံချက်ဖြင့် လျှောက်ထားခွင့်ပြုမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်

(က)အင်္ဂလိပ်ဘာသာနှင့်ဘာသာရပ်ဆိုင်ရာများအား Online ဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။

| နေ့ရက် | အချိန် | နေရာ |
|---|---|---|
| ၂၀-၁၂-၂၀၁၄(စနေနေ့) | နံနက်(၉း၃၀)မှစတင်၍ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) |

(ခ) ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ၏ စာရင်းကို ၂၃-၁၂-၂၀၁၄ ရက်တွင် ထုတ်ပြန်မည်ဖြစ်ပြီး ဝင်ခွင့်အောင်မြင်သူများသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် ၁၇-၁၂-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) ဖုန်း-၀၁-၅၃၇၇၉၃၊ ၀၁-၅၃၄၃၁၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင်နည်းပညာဝန်ကြီးဌာန**

## ဟသ်ာတတက္ကသိုလ်
## ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခွင့်
## တင်ဒါခေါ်ယူခြင်း

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၌ကျင်းပမည့် ဟသ်ာတတက္ကသိုလ် (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခွင့်လုပ်ငန်းလျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ ရက်မှ ၂၂-၁၂-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းများကို ဟသ်ာတတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာနစိတ်နှင့် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန၊ ဖုန်း-၀၄၄-၂၁၁၃၆၊ ၂၁၅၄၄၊ ၂၁၅၄၉ လိုင်းခွဲ-၂၁၄၊ ၂၄၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**

**(၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

**ဓာတ်ပုံရိုက်ကူးခွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

**ဟသ်ာတတက္ကသိုလ်**

**မွေးသက္ကရာဇ် အမှန်** အဖဦးလှဌေး၏သား သုံးခွမြို့နေ မောင်ညိမ်းထွန်း[၁၂/သခန(နိုင်)၁၁၃၆၉၁]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၉၄ ဖြစ်ပါကြောင်း။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် လိုအပ်သော (၁၂)မီတာ ကွန်ကရစ်ကျောက်တိုင်(၆၃၀)လုံးနှင့် (၁၅)မီတာ ကွန်ကရစ်ကျောက်တိုင်(၃၃၈)လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၉-၁၂-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၃-၁၂-၂၀၁၄ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**

**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းစုလီမိတက်နှင့် ပဲခူးခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်တို့တွင် အသုံးပြုရန်မလိုအပ်တော့သည့် အောက်ဖော်ပြပါမော်တော်ယာဉ်ဟောင်းနှစ်စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ယာဉ်အမှတ် | ၆က/၆၃၁၁(အီစူဇူ)<br>(ခရီးသည် ၅၁ဦး စီးလေအိတ်မှန်လုံမော်တော်ယာဉ်) |
| (ခ) | ယာဉ်အမှတ် | ၅ခ/၄၈၀၄(ဟီးနိုး)<br>(ခရီးသည် ၃၅ဦးစီး မှန်လုံမော်တော်ယာဉ်) |

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းမည့်နေ့ရက် | - ၁၈-၁၂-၂၀၁၄ ရက် |
| ၃။ | တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန် | - ၂၂-၁၂-၂၀၁၄ ရက် ညနေ ၁၆း၀၀ နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့်နေရာ | - ပဲခူးခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၊ အမှတ်(၁၀၄-ဃ)၊ ဗိုင်းဂနိုင်းမြောက်ပိုင်း(၃)လမ်း၊ ပဲခူးမြို့။ |
| ၅။ | တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် | - ၂၆-၁၂-၂၀၁၄ရက်၊ နံနက် ၁၀ နာရီ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၅၂-၂၀၀၄၅၃၊ ၀၉-၃၁၈၆၆၇၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**

**ပဲခူးတိုင်းဒေသကြီး/ခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ၊ သမဝါယမအသင်းလီမိတက်၊ ပဲခူးမြို့။**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V.7 သင်္ဘောသည် ၁၁-၁၂-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်
## နည်းပညာတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်တွင်အောက်ဖော်ပြပါ နည်းပညာတက္ကသိုလ်များ၌ ပထမနှစ်သင်တန်း တက်ရောက်ပညာသင်ကြားလိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဝင်ခွင့်ခေါ်ယူမည်ဖြစ်ပါသည်-

| စဉ် | နည်းပညာတက္ကသိုလ် | ခေါ်ယူမည့်ကျောင်းသားဦးရေ |
|---|---|---|
| (က) | နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) | ၄၀ ဦး |
| (ခ) | နည်းပညာတက္ကသိုလ်(ဗန်းမော်) | ၅၀ ဦး |
| (ဂ) | နည်းပညာတက္ကသိုလ်(လွိုင်ကော်) | ၅၀ ဦး |
| (ဃ) | နည်းပညာတက္ကသိုလ်(ဘားအံ) | ၄၀ ဦး |
| (င) | နည်းပညာတက္ကသိုလ်(ကလေး) | ၁၁၀ ဦး |
| (စ) | နည်းပညာတက္ကသိုလ်(ထားဝယ်) | ၁၂၀ ဦး |
| (ဆ) | နည်းပညာတက္ကသိုလ်(မြိတ်) | ၁၃၀ ဦး |
| (ဇ) | နည်းပညာတက္ကသိုလ်(ပခုက္ကူ) | ၇၀ ဦး |
| (ဈ) | နည်းပညာတက္ကသိုလ်(ရမည်းသင်း) | ၇၀ ဦး |
| (ည) | နည်းပညာတက္ကသိုလ်(စစ်တွေ) | ၃၀ ဦး |
| (ဋ) | နည်းပညာတက္ကသိုလ်(လားရှိုး) | ၇၀ ဦး |
| (ဌ) | နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) | ၆၀ ဦး |
| (ဍ) | နည်းပညာတက္ကသိုလ်(ပင်လုံ) | ၈၀ ဦး |
| (ဎ) | နည်းပညာတက္ကသိုလ်(တောင်ကြီး) | ၇၀ ဦး |
| (ဏ) | နည်းပညာတက္ကသိုလ်(ဟသ်ာတ) | ၈၀ ဦး |
| (တ) | နည်းပညာတက္ကသိုလ်(ပုသိမ်) | ၅၀ ဦး |
| (ထ) | နည်းပညာတက္ကသိုလ်(မအူပင်) | ၈၀ ဦး |
| | စုစုပေါင်း | ၁၂၀၀ဦး |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီးကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
- (ဂ) ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင်စုစုပေါင်းရမှတ်(၃၈၀)နှင့်အထက် ရရှိသောသူများ လျှောက်ထားနိုင်သည်။
- (င) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ ၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးရှိ မည်သည့်စာစစ်ဌာနမှမဆို ဖြေဆိုအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအားလုံး လျှောက်ထားနိုင်ပြီး ဒေသခံများကို ဦးစားပေး ရွေးချယ်သွားမည်ဖြစ်သည်။

၄။ သင်တန်းကာလမှာ (၆)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက B.E ဘွဲ့ပေးအပ်မည်ဖြစ်သည်။ မိမိတက်ရောက်ခွင့်ရရှိသည့် နည်းပညာတက္ကသိုလ်တွင် ကျောင်းပြီးဆုံးသည်အထိ တက်ရောက်ပညာသင်ကြားရမည်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး (သို့မဟုတ်)ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတက်ရောက်လိုသည့် နည်းပညာတက္ကသိုလ်များ၌ ၁-၁၂-၂၀၁၄ ရက်မှစ၍ အခမဲ့ထုတ်ယူလျှောက်ထားနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထက်ဖော်ပြပါ နည်းပညာတက္ကသိုလ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

